ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ သောကြာနေ့၊ (9-6-2006) (၄၉၈၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇွန်　　၈

၂၀၀၆ခုနှစ် ဇွန် ၉ ရက်တွင်ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောလ်အဒူလျာဒက်ရှ်၏ ထီးနန်းစိုးစံခဲ့သည့် နှစ်ပေါင်း(၆၀) ပြည့်မြောက်သည့်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောလ်အဒူလျာဒက်ရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘာရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အက်ဂတ်တဲလ်လက်စ်ရီဘဲရိုး ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော်　　ဇွန်　　၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘာရာဇီး ဖယ်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အက်ဂတ်တဲလ်လက်စ်ရီဘဲရိုးသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘာရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအက်ဂတ်တဲလ်လက်စ်ရီဘဲရိုးအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘာရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အက်ဂတ်တဲလ်လက်စ်ရီဘဲရိုးက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉–၆–၂၀၀၆
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်ထူထောင်

မျက်မှောက်ကမ္ဘာတွင် နေရာဒေသအနှံ့အပြား၌ သစ်တောများ ပြုန်းတီးလျက်ရှိသည်။ မြေပြင်မှ ရေအားလျော့ပါး ခန်းခြောက်လာပြီး လယ်ယာမြေများ အရည်အသွေးနိမ့်ကျနေသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဲကန္တာရဖြစ်ပေါ်နေမှုများ ကျယ်ပြန့်လာလျက်ရှိသည်။

ယင်းအခြေအနေအရပ်ရပ်သည် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းနေမှုများကို ပြဆိုသည်။ သဘာဝပတ်ဝန်းကျင်ကို စနစ်တကျ ကာကွယ်ထိန်းသိမ်းမှုမပြုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားတိုးတက်မှုများ ရေရှည်တည်တံ့ရေး ဆောင်ရွက်နိုင်မည် မဟုတ်ပေ။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၄၀ရာခိုင်နှုန်းကျော်မှာ ခြောက်သွေ့မြေများဖြစ်ပေါ်လျက်ရှိရာ သဲကန္တာရဖြစ်ထွန်းမှုနှင့်အတူ သစ်တောများလည်း ပြုန်းတီးလျက်ရှိသည်။ လက်ရှိအခြေအနေတွင် နိုင်ငံအားလုံးအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးက အလေးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသမှာ တစ်နိုင်ငံလုံး မြေဧရိယာ၏ ၁၀ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၁၉၉၇ခုနှစ်က အတည်ပြု လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ကွန်ဗင်းရှင်းအရ အဖွဲ့ဝင်နိုင်ငံများအားလုံးက ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် မြေဆီလွှာယိုယွင်းမှု တိုက်ဖျက်ရေးဆိုင်ရာ စီမံချက်နှင့် လုပ်ငန်းစဉ်များရေးဆွဲပြီး ထိထိရောက်ရောက် လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ၁၉၉၄ ခုနှစ်ကပင် စတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၃ ခရိုင်အထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ အပူပိုင်းဒေသတွင် တည်ဆောက်ထူထောင်ထားသည့် ဆည်အစုအဖွဲ့များ၊ တိုးချဲ့သစ်တောစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ ဖြစ်ထွန်းလာမှုနှင့်အတူ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေပြီ ဖြစ်သည်။

ဥတုရာသီ တောကိုမှီ၏ ဟူသည့်ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ရာသီဥတုမှန်ကန်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပေသည်။ မြန်မာနိုင်ငံ၌ သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ သဘာဝပတ်ဝန်းကျင် အရည်အသွေးများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပေသည်။ ။

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး တပ်မှူးဗိုလ်မှူးချုပ်မြင့်မောင်– ဒေါ်တင်မာဝေမိသားစုက အလှူငွေကျပ်တစ်သိန်း၊ မင်္ဂလာဒုံအမှတ်(၁) တပ်မတော်ဆေးရုံကြီးမှ ဗိုလ်ကြီးဝင်းမြင့်–ဒေါ်အေးသန်း မိသားစုက အလှူငွေ ကျပ်ငါးသောင်းကို နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့် ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

ယခင်တပ်မတော်ကလေးများကျောင်း(မင်္ဂလာဒုံ) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

ယခင်တပ်မတော်ကလေးများကျောင်း(မင်္ဂလာဒုံ) ယခုမင်္ဂလာဒုံအထက(၁)၊ အထက(၅)ကျောင်းတို့တွင် (၁၉၄၉–၁၉၆၉)အထိပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကို ဇွန်၁၁ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အထက(၅) မင်္ဂလာဒုံ မြတ်ရတနာခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဦးအောင်ရွှေ ဖုန်း–၆၂၀၅၅၁၊ ဦးအံ့ကူ ဖုန်း–၆၄၂၀၂၉၊ ဦးစိုးမြင့် ဖုန်း–၆၃၅၈၆၁၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း–၆၃၅၀၅၁၊ ဦးဂျိုးဇက် ဖုန်း–၆၃၅၀၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (လူမှုဝန်ထမ်း)

နေပြည်တော် ဇွန် ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့၏ ၂၀၀၆ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၅ရက်နှင့် ၆ ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ တိုင်းနှင့် ပြည်နယ်များမှ ဦးစီးမှူးများ တက်ရောက်ကြသည်။

တင်ပြဆွေးနွေး

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းနှင့်ပြည်နယ် ဦးစီးမှူးများက ၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လူမှုဝန်ထမ်းလုပ်ငန်းရပ်များနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တိုင်းနှင့်ပြည်နယ် ဦးစီးမှူးများက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ လုပ်ငန်းရပ်များကို တင်ပြဆွေးနွေးကြသည်။

ကြိုးစားလုပ်ဆောင်

ထို့နောက် ဝန်ကြီးက ဦးစီးဌာနနှစ်ခုလုံးသည် လူမှုရေးလုပ်ငန်းများကို ဦးတည် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ချက်များကို အများပြည်သူပိုမိုသိရှိရန်နှင့် စေတနာရှင် ပြည်သူများနှင့် အဖွဲ့အစည်းများက ပိုမို ပူးပေါင်းဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်သွားရန်၊ လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများပိုမိုထိရောက်အောင် ကြိုးစားဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင် မိသားစုသဖွယ် နေထိုင်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် သွက်လက်အောင် ကြိုးစားလုပ်ဆောင်၍ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပြီး စည်းကမ်း ကောင်းမွန်အောင် နေထိုင်ကျင့်ကြံ ဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)

ပညာပေးဟောပြော

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ပညာပေးဟောပြောပွဲကို ဇွန် ၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ပြုလုပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်မြင့်စိုး ပညာပေးဟောပြောစဉ်။ (မိခင်/ကလေး)

သံအမတ်ကြီး ဦးထိန်ဝင်းအား အာဂျင်တီးနားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးထိန်ဝင်းအား အာဂျင်တီးနား သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင် ဦးသန်းခင်နှင့် မိခင် ဒေါ်သန်းရီတို့အား ရည်စူး၍ ဦးမောင်မောင်သန်း၊ ဒေါ်ခင်စိုးမြင့်၊ ဒေါက်တာခင်သန်းနွယ်၊ ဦးရန်ပြေ၊ ဒေါ်သူဇာဦး မိသားစု ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာက ဇဟာန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းငါးသောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင်လှ လက်ခံယူစဉ်။ (က–ပ)

ထူးကဲမွန်မြတ်လှသော လနယုန်

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

"နယုန်" ဟူသော လအမည်ကို ပုဂံခေတ် ထိုးကျောက်စာများ၌ (နံယုန်) ဟု တွေ့နိုင်သည်။ နံယုန် ဆိုသော စကားသည် တိဘက်နှင့် ဂျိန်းဖော (ကချင်)ဘာသာစကားပေါင်းစပ်မှုမှ ဆင်းသက်လာသည်ဟု ယူဆဖွယ်ဖြစ်သည်။ နံ-သည် တိဘက်ဘာသာစကားအရ အချိန်ကာလ ဟု အဓိပ္ပာယ်ရသည်။ ယုန်-မှာ ဂျိန်းဖော ဘာသာစကားဖြစ်၍ ယိုစီးခြင်း၊ ယိုကျခြင်းဟု အဓိပ္ပာယ်ရပါသည်။ မိုးများတဖွဲဖွဲ ယိုစီးကျသော အချိန်ကာလဟု ဆိုရပါမည်။

ရခိုင်စာဆို ဥက္ကာပျံရေးဖွဲ့ခဲ့သော စာတို့တွင်လည်း-

"နတ်သားပန္နုန်၊ ကမြူးစုံသည်၊ ကဆုန်လွန်ပေါ်ဆန်းပြ နံယုံလ"ဟူ၍ နယုန်ကို နံယုံဟု ရေးထုံးရှိခဲ့ပါသည်။ အင်းဝခေတ်ထိုးအချို့သော ကျောက်စာများ၌ (နံမျုန်)ဟု တွေ့ရပါသည်။ ဝေါဟာရလီနတ္ထဒီပနီ ကျမ်းတွင်ကား "နရယုဂ-သဒ္ဒါပျက်၍ နယုန်ဖြစ်သည်ဟု ယူရန်ရှိသည်။ နရယုဂ အနက်အဓိပ္ပာယ်မှာ မိန်းမ၊ ယောကျာ်းအစုံကို ဆိုလိုသည်"ဟူ၍ ပြဆိုထားပေသည်။

ဗေဒင်အခေါ်အဝေါ်အရ နယုန်လရာသီကို မေထုန်ရာသီဟု ခေါ်၏။ ယင်းရာသီတွင် ဇေဋ္ဌနက္ခတ်နှင့် စန္ဒာလမင်းတို့ အပြိုင်ထွန်းလင်း တောက်ပကြ၏။ မိဂသီနက္ခတ်သည် ဘာဏုရာဇာနေမင်းနှင့် ယှဉ်၍ လှည့်ပတ်နေကြသည်။ ဤသည်ကို **"အာကာပြင်က၊ ကြယ်ဇေဋ္ဌနှင့်၊ တောက်ပရောင်စို၊ ဂြိုဟ်တနလာ်၊ ကြွသောခါလျှင်၊ တာရာအသွယ်၊ ရံဝန်းခ၍၊ ထွန်းပရှင်လန်း၊ ဥဒေါင်းနန်းလည်း၊ မြန်းရွှေစက်ချီ၊ မိဂသီနှင့်၊ တူညီတကွ"** စသည်ဖြင့် စာဆိုဦးယာ၏ ဆယ့်နှစ်ရာသီဘွဲ့လူးတား (၁၂)ပိုဒ်မှ မေထုန်ရာသီ နယုန်လဘွဲ့တွင် ရေးဖွဲ့ခဲ့သည်ကို တွေ့ရပါသည်။

နယုန်လသည် မိုးဦးကျစ အခါသမယဖြစ်သည်။ တောင်သူလယ်သမားတို့သည် လယ်ယာလုပ်ငန်းအတွက် လုံ့လဝါယမ စိုက်ထုတ်လုပ်ကိုင်ကြသော အချိန်အခါဖြစ်သည်။ ထိုမျှသာမကပါ နယုန်လသည် ဗုဒ္ဓဘာသာဝင်တို့၏ အလေးထားရာ လထူးလမြတ်လည်း ဖြစ်ပါသည်။

ဂေါတမရှင်တော်မြတ်ဘုရားသည် မဟာဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသော ညနေဆည်းဆာအချိန်၌ မဟာသမယသုတ်ကို ဟောကြားတော်မူခဲ့ပါသည်။ ထိုနေ့သည်ကား နယုန်လပြည့်နေ့ဖြစ်ပါသည်။ နေ့ထူးနေ့မြတ် နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟု သတ်မှတ်၍ ယနေ့ထက်တိုင် ဘာသာရေးအလေးထားကြသော ရဟန်းရှင်လူတို့က မမေ့မလျော့ ရွတ်ဖတ်သရဇ္ဈာယ် နာကြားဆဲဖြစ်ပါသည်။

နယုန်လတွင် ရဟန်းသံဃာတော်များ၏ ပရိယတ္တိစာပြန်ပွဲကိုလည်း ကျင်းပခဲ့ကြပါသည်။ ဗုဒ္ဓသာသနာတော်၏ အသက်သွေးကြောသဖွယ်ဖြစ်သော ပရိယတ္တိသာသနာတော်ကြီး မညှိုးမမှိန် ဖြိုးထိန်လင်းလက်စေရန် ပဓာနရည်သန်လျက် စာပြန်ပွဲကို ကျင်းပကြခြင်းဖြစ်ပေသည်။ ဤသည်ကို ဖိုးသူတော် ဦးမင်းရေးသားသော လူးတားများ၌-

"ရွှေစာတော်ပြန်မေးလို့၊ မြတ်လေးတဲ့စံပယ်၊ မေထုန်ဆိုရာသီကူး၊ ပွင့်ဖူးဝတ်မှုန်နံ့၊ သင်းပျံ့တော့တယ်၊ ကောင်းကင်လယ်၊ ထက်ဝယ်ဘုံက၊ ဇေဋ္ဌခေါ်ရွှေကြယ်မင်း၊ လင်းတဲ့ချိန်ပ"ဟု ဖွဲ့ဆိုထားပါသည်။

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီဘွဲ့လူးတားတွင်လည်း နယုန်လ စာမေးသဘင် ဆင်ယင်ကျင်းပပုံကို----

"လနယုန် သည်ချိန်မို့၊ မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး......ဇေဋ္ဌပြောင်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ရာဇိန္ဒနတ်၊ ပိဋကတ်မှာ၊ မပြတ်ကယ်ထွက်စံ၊ စာညီလာခံသောအခါ၊ ဗိုလ်ခြံတဲ့ ရွှေလယ်မှာ၊ ငွေစံပယ်ဖြူ မုလေးက၊ မွှေးလှတယ်လေး" ဟူ၍ ကြည်ညိုစိတ် ယိုဖိတ်ဆွတ်ပျံ့ဖွယ် ရေးသီခဲ့ပေသည်။

ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးတွင် မင်းတုန်းမင်းတရားကြီးလက်ထက် ကျင်းပသော စာပြန်ပွဲတော်အကြောင်းကို မှတ်တမ်းတင်ရေးသားထားပေသည်။ ထိုစာပြန်ပွဲတော်မှတ်တမ်းကို အကျဉ်းချုပ်အားဖြင့် တင်ပြလိုပါသည်။

မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်တန်းနှင့် စန္ဒာမုနိဘုရားရင်ပြင်ရှိ ဇရပ်တော်များ၌ ထေရ်ကြီးဝါကြီးတံဆိပ်တော် ရ၊ မရ သံဃာတော်တို့ ကြပ်မတ်၍ စာတော်ပြန်ပဋ္ဌင်းလောင်း၊ ရှင်လောင်းတစ်ထောင်ခန့် တစ်လတိုင်စာတော်ပြန်ဆိုကြရသည်။ ကာလအားဖြင့် နယုန်လဆန်းရှစ်ရက်မှဝါဆိုလဆန်းရှစ်ရက်နေ့အထိ ဖြစ်သည်။ ပထမစာတော်ပြန်ဆိုမည့် ပုဂ္ဂိုလ်များအား ပတ္တမြားနားတောင်း၊ ပတ္တမြား လက်ကောက်ပုတီး၊ လက်စွပ်၊ စလွယ်များဆင်ယင်၍ ရွှေထီးလေးချက်ဆောင်းမိုးစေသည်။ လူဆွဲရွှေရထားတော်စီးစေသည်။ အဆောင်အရွက်ကိုင် နောက်ပါ လူနှစ်ဆယ်က ဝတ်ကောင်းဝတ်သန့်ဖြင့် လိုက်ပါရပါသည်။

ပထမစာတော်ပြန်မည့် ပုဂ္ဂိုလ်တို့ကို ရှေ့တော်သို့သွင်း၍ ရွှေကျင်ခတ် ခေါင်းပေါင်း၊ ပိုးဖဲပုဆိုး၊ အင်္ကျီ၊ ပဝါများအပြင် စာဝါနိမ့်မြင့်အလျောက် ချီးမြှင့်သနားတော်ခံရသည်။ ထိုအချိန်အခါမျိုးတွင် ရွှေမြို့တော် လေးပြင်လေးရပ်ရှိ ကျောင်းတိုက်တော်များမှ စာတော်ပြန် အသီးသီး ထွက်ကြွသဖြင့် ရွှေထီးရွှေရထားတို့မှ ရွှေရောင်များ ထိန်ပြောင်ဝင်းလက်၍ ရှုမငြီးနိုင်အောင်ရှိလှသည်ဟု ဆိုပါသည်။

ဤမြင်ကွင်းအတိုင်း နဝရတ်ကိုးပါးခြယ်လှယ်၍ ရွှန်းပြောင်တောက်ပသော သုဓမ္မာဇရပ်တော်တွင် စာတော်ပြန်ပွဲကျင်းပပုံကို စာဆိုဦးယာကပင်-

"ရွှေစာမေးပွဲ၊ ထိန့်ရိုက်ကျဲမျှ၊ ပုလဲသန္တာ၊ နီလာပတ္တမြား၊ မြသားဂေါ်မုတ်၊ ဥဿဖရား၊ ရွှေသားခြယ်လှယ်၊ ဆန်းကြယ်အရောင်၊ တောက်လောင်ဝင်းဝါ၊ သုဓမ္မာဝယ်" ဟူ၍ သရုပ်ဖော်ဖွဲ့နွဲ့ထားခဲ့ပါသည်။

နယုန်လပြည့်နေ့သည် မဟာသမယနေ့ဟူသော ထူးကဲမွန်မြတ်သည့် နေ့ထူး နေ့မြတ်ဖြစ်သည်။ ထို့ပြင် နယုန်လမှာ ဘုရားရှင်၏ ပရိယတ္တိသာသနာတော်ကြီး ထွန်းကားစေရေးအတွက် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်ကျမ်းများ ပြဋ္ဌာန်းပေး၍ စာပြန်ပွဲများ ကျင်းပခဲ့သော အစဉ်အလာကောင်းလှသည့် ထူးကဲမွန်မြတ်သော လအဖြစ် အလေးထားဂရုပြုနှလုံးသွင်းအပ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ကျော်အကုန်အကျခံတည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ်အတွက် ဇွန် ၅ရက်က မော်လမြိုင်မြို့ သမိုင်းဝင်ရွှေ တောင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ ဝိမလထံ သထုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်-ဒေါ်တင်သိန်းမြင့် မိသားစုက ငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၃၀၇)

ဇွန်လ ဒုတိယ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇွန် ၈

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်း လာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေများမှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက် လျော့ကာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် စင်တီမီတာ ၂၄၀ (၈-ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီမီတာ၉၀ (၃-ပေခန့်)လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊မကွေးမြို့၊အောင်လံမြို့၊ပြည်မြို့နှင့်ဟင်္သာတမြို့တို့တွင် စင်တီမီတာ ၁၂၀ (၄-ပေခန့်)လက်ရှိ ရေမှတ်များအောက် ကျဆင်းသွားနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် စင်တီမီတာ၃၀၀ (၁၀-ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် စင်တီမီတာ၁၂၀ (၄-ပေခန့်)လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သည်။

သုဝဏ္ဏမြို့ဦးစေတီ အရံစေတီရှစ်ဆူ ရွှေထီးတော်များ တင်လှူပူဇော်မည်

ရန်ကုန် ဇွန် ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ဦးဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံတည်ဆောက်ရေးအဖွဲ့ ဦးစီးပဓာနနာယက သာသနာပြုဘွဲ့ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စအမှူးပြု၍ တပည့်ဒါယကာ ဒါယိကာမများနှင့် ရပ်နီးရပ်ဝေးအလှူရှင်များ စုပေါင်းကောင်းမှုဖြင့် စေတီတော်မြတ်ကြီး၏ အရံစေတီတော်ရှစ်ဆူတို့အား ရွှေထီးတော်များအသစ်ထပ်မံတင်လှူပူဇော်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နယုန်လပြည့်နေ့ (စနေနေ့)တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဟုသိရသည်။ (၅၀၆)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ဒေါ်တင်နိုင်ထွန်း သတ္တာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အလှူတော်ငွေကျပ် ၁၄၄၀၀၀ကို မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)၊ အရှင်သီလက္ခန္ဓ(ဗုဒ္ဓဂယာ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ထောက်ပံ့ငွေပေးအပ်

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမူနှင့် အဖွဲ့ဝင်များ ဇွန် ၅ ရက်က သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းမှ မွေးဖွားပြီး မိခင်များအား ထောက်ပံ့ငွေများပေးအပ်စဉ်။ (၅၂၇)

ရန်ကုန်မြို့ သာကေတမြို့နယ် ဇိနမာရ်အောင် စေတီတော်ဝတ္တကမြေအတွင်း တုရင်တောင်စေတီတည်ထားကိုးကွယ်ရန်အတွက် သာကေတမြို့နယ် (၁)ရပ်ကွက်၊ ထူပါရုံ(၃)လမ်းအရှေ့နေ ခင်ပွန်းဦးစိန်အေးနှင့် သား-ကိုအောင်မင်းတို့အားရည်စူး၍ ဒေါ်အုန်းကြည်နှင့် သားသမီး၊ မြေးတစ်စုက ဂေါပကအဖွဲ့အတွင်းရေးမှူးဦးလှထွန်းထံ အလှူတော်ငွေကျပ် ၈၀၀၀၀၀ ကို ဇွန် ၇ ရက်က ပထမအကြိမ်ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝိုင်အမ်ဘီအေအသင်း ဂုဏ်ပြုမည်

ရန်ကုန် ဇွန် ၈

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ပွဲတော်အထိမ်းအမှတ်အခမ်းအနားများတွင် လူအား၊ ငွေအားဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် အသင်းအမှုဆောင်များအား ဂုဏ်ပြုပွဲ ကို ဇွန် ၁၇ ရက် နံနက် ၉ နာရီတွင် YMBA အသင်းတိုက်၌ ကျင်းပရန်စီစဉ်ထားသည်ဟု သိရသည်။ (၂၃)

အိန္ဒိယ၌ ဖခင်က အမြွာကလေးနှစ်ဦးကို နှစ်ဒေါ်လာဖြင့် ရောင်းချ

ရိုင်ပါ(အိန္ဒိယ) ဇွန် ၇

အိန္ဒိယနိုင်ငံ ချတ်တစ်ဂတ်ပြည်နယ်တွင် ဖခင်တစ်ဦးက မိသားစုကို ကျွေးမွေးရန် ၎င်း၏အမြွာသား ကလေးငယ်နှစ်ဦးကို အမေရိကန်နှစ်ဒေါ်လာဖြင့် ရောင်းချခဲ့သည်ကို တာဝန်ရှိသူများက စုံစမ်းတွေ့ရှိကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၅ ရက်တွင် ဖော်ပြထားသည်။

ထိုဖြစ်ရပ်သည် ကြီးမားသောပြဿနာရပ်ဖြစ်ကြောင်း၊ ထိုဆင်းရဲနွမ်းပါးသောမိသားစုကို အချိန်နှင့်တစ်ပြေးညီ စီးပွားရေးဆိုင်ရာ ကူညီထောက်ပံ့မှုပေးရန် ပျက်ကွက်ခဲ့သည့်အတွက် ဒေသဆိုင်ရာတာဝန်ရှိသူများကို အပြစ်ပေးနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီး ရမ်ဗီချာနီသမ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မွေးဖွား

ရိုင်ပါမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၁၀ အကွာရှိ ကော်ဘာမြို့အနီး ဝေးလံသီခေါင်သော ရွာတစ်ရွာတွင် အမြွာကလေးနှစ်ဦးကို မွေးဖွားခဲ့ကြောင်း၊ အဆိုပါ အမြွာကလေး၏ မိခင်သည် ဇွန် ၂ ရက်တွင် ကွယ်လွန်သွားခဲ့ကြောင်း၊ သူမတွင် ကလေးငါးဦးကျန်ရှိကြောင်း သတင်းဌာနက ဇွန် ၄ ရက်တွင် ရေးသားဖော်ပြသည်။

ရောင်းချ

အသက် ၂၄ နှစ်အရွယ်ရှိ ဖခင်သည် အမြွာနှစ်ယောက်ကို ကော်ဘာမြို့သို့ ခေါ်သွားပြီး ကလေးမရှိသူ ဇနီးမောင်နှံထံ ရောင်းချခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ တိုင်းရင်းသားကျေးရွာတစ်ရွာတွင် ရိုးရာအကဖြင့် ဖျော်ဖြေနေသူများကို ဇွန် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ အဓိကတည်ရှိရာ ဆန်တိုဆာကျွန်းကို ဇွန် ၇ ရက်က ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လျှော်လှုပ်သည့် ဒေသများ၌ သန့်ရှင်းမှုမရှိ ကူးစက်ရောဂါအမျိုးမျိုး ခံစားနေကြရ

ဂျော့ဂျ်ဂျကာတာ (အင်ဒိုနီးရှား) ဇွန် ၇

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျကာတာနှင့် ဂျာဗားကျွန်းအလယ်ပိုင်းဒေသ၌ ငလျင်လှုပ်ခဲ့ပြီးနောက် အသက်မသေကျန်ရှိသူ အများစုသည် ယာယီခိုနားဆောင်များတွင် နေထိုင်ကာ သန့်ရှင်းမှုမရှိသည့် အခြေအနေများကြောင့် ကူးစက်ရောဂါအမျိုးမျိုးကို ခံစားနေကြရကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ရေးသားထားသည်။

ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ငန်းဖျားရောဂါများ ခံစားနေသည့် လူနာများ လွန်ခဲ့သည့်နှစ်ရက်အတွင်းကုသရန် ဆေးရုံသို့ လာရောက်ခဲ့ကြောင်း၊ ငလျင်အကြီးအကျယ် အလှုပ်ခံရသည့် ဘန်တော်လ်ဒေသရှိ မူဟာမ်မာဒီယာဆေးရုံမှ ညွှန်ကြားရေးမှူး မိုဟာမက်သမ်ရင်ဟက်နာက တနင်္လာနေ့တွင် ပြောကြားသည်။

၎င်းလူအများစုသည် ယာယီခိုလှုံရန် တဲများအတွင်း နေထိုင်သူများဖြစ်ပြီး ညဘက်တွင် လေအေးတိုက်မှုဒဏ်ခံကြရသည်ဟု ၎င်းက ပြောကြားသည်။ ၎င်းတို့နေထိုင်ရာ နေရာတွင် ရေကောင်းရေသန့်ရှားပါးနေပြီး ယာယီ ဖြစ်ကတတ်ဆန်းရေအိမ်များ အပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သည့် အဆောက်အအုံများလည်း လုံလောက်မှုမရှိပေ။

အင်ဒိုနီးရှားအစိုးရအနေဖြင့် ယင်းနေရာတွင် အခိုင်အခန့် အများသုံးရေအိမ်များ ချက်ချင်းဆောက်လုပ်ပေးရန် ၎င်းညွှန်ကြားရေးမှူးက တိုက်တွန်းထားသည်။

ယင်းဒေသတွင် မေ ၂၇ ရက်က ငလျင်လှုပ်ခဲ့ပြီးနောက် ဆေးတပ်ဖွဲ့လေးဖွဲ့ သို့တည်းမဟုတ် ငါးဖွဲ့ကို စေလွှတ်ပေးခဲ့သည်ဟု ဖော်ပြပါ ဆေးရုံသတင်းအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကာကွယ်ရေးအသုံးစရိတ်နှင့်ပတ်သက်၍ ကန်၏ဝေဖန်မှု အခြေအမြစ်မရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြား

ပေကျင်း ဇွန် ၇

တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကိစ္စနှင့် ပတ်သက်၍ အမေရိကန်၏ လတ်တလော ဝေဖန်ပြောကြားမှုအပေါ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အင်္ဂါနေ့က ပြန်လည်ချေပပြောကြားပြီး ယင်းပြစ်တင်ပြောကြားမှုသည် အခြေအမြစ်မရှိကြောင်း ထပ်လောင်းပြောကြားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က တရုတ်နိုင်ငံ၏ စစ်အင်အား ကြီးထွားဖွံ့ဖြိုးလာမှုနှင့် ကာကွယ်ရေးကဏ္ဍတွင် အသုံးစရိတ်ကိစ္စသည် ထင်သာမြင်သာရှိရန် လိုအပ်နေသည်ဟု မကြာမီက ဝေဖန်ပြောကြားမှုအပေါ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လျူကျန်ချောင်က တုံ့ပြန်ဝေဖန် ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ အမျိုးသားကာကွယ်ရေးကဏ္ဍ ဖွံ့ဖြိုးလာမှုသည် ငြိမ်းချမ်းသည့် တိုးတက်ဖြစ်ထွန်းမှု ဖြစ်ကြောင်း၊ ယင်းအချက်ကြောင့် မည်သည့်နိုင်ငံသို့တည်းမဟုတ် မည်သည့်ပုဂ္ဂိုလ်အတွက် ခြိမ်းခြောက်သည့် အန္တရာယ်တစ်ရပ်မဟုတ်ကြောင်း လျူက ဆက်လက်ပြောကြားသည်။

တရုတ်စစ်ဘက်သည် ပင်ကိုသဘာဝအားဖြင့် ကာကွယ်နိုင်စွမ်းရှိပြီး အခြားသော နိုင်ငံများအတွင်း ကျူးကျော်ဝင်ရောက်ခဲ့သည့် သမိုင်းကြောင်းမရှိခဲ့ကြောင်း၊ နိုင်ငံတကာ မိသားစုက ယင်းအချက်ကို ရှင်းရှင်းလင်းလင်းသဘောပေါက်နားလည်ရန် လိုအပ်ကြောင်းလျူကတိုက်တွန်းနိုးဆော်သည်။

ကမ္ဘာပေါ်တွင် စစ်အသုံးစရိတ်အများဆုံး အသုံးပြုနေသည့် နိုင်ငံတစ်နိုင်ငံထံမှ ယင်းသို့ဝေဖန်ပြောကြားမှုကို မိမိတို့ လက်ခံနိုင်မည်မဟုတ်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အင်ဒိုနီးရှားလေဆိပ်၌ လေယာဉ်ပြေးလမ်းချော်

ဂျကာတာ ဇွန် ၆

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလူကူပြည်နယ်၌ တနင်္လာနေ့က ခရီးသည်တင်လေယာဉ်ငယ်တစ်စင်း လေယာဉ်ပြေးလမ်း ချော်သွားသဖြင့် လေယာဉ်ဝန်ထမ်းများအပါအဝင် လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဖော်ပြ

ရာသီဥတုဆိုးရွားမှုကြောင့် မတော်တဆမှု ဖြစ်ပွားခဲ့သည့် ကာဆာအင်စီ-၂၁၂ လေယာဉ်မှာ ဆိုးဆိုးရွားရွား ပျက်စီးသွားသည်။ လေယာဉ်တောင်ပံများနှင့် လေယာဉ်ဘီးအုံများ ကျိုးပဲ့ပျက်စီးသွားကြောင်း အန်တာရာသတင်းဌာနက ဖော်ပြသည်။

အဆိုပါလေယာဉ်သည် ဂျကာတာမြို့၏ အရှေ့ဘက် ကီလိုမီတာ ၂၃၀၀ အကွာရှိ မာလူကူပြည်နယ်အလယ်ပိုင်း ဘန်ဒါလေဆိပ်သို့ ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းတွင် ဘီးချော်သွားခြင်းဖြစ်သည်။ လေယာဉ်ပေါ်တွင် လူမည်မျှလိုက်ပါလာသည်ကို အတိအကျမသိရပေ။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်ရှိ အီတလီတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး အရှိန်မြှင့်ဆောင်ရွက်ရန် ဝန်ကြီးချုပ်အား ဖိအားပေး

ရောမ ဇွန် ၇

အီရတ်နိုင်ငံ နာဆီရီယာမြို့အနီးတွင် အီတလီတပ်ဖွဲ့ဝင်တစ်ဦး နောက်ထပ်သေဆုံးခဲ့ပြီးနောက် အီရတ်မှ အီတလီတပ်ဖွဲ့ဝင်များ အမြန်ဆုံးရုပ်သိမ်းနိုင်ရေး အရှိန်မြှင့်ဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အီတလီဝန်ကြီးချုပ် ရိုမန်နိုပရော့ဒီသည် လက်ဝဲညွှန့်ပေါင်းပါတီတို့၏ ဖိအားပေးမှုဖြင့် ကြုံတွေ့နေရပြီဖြစ်သည်။

ဝန်ကြီးချုပ် ပရော့ဒီ ဝန်ကြီးချုပ်ရာထူးကို လွန်ခဲ့သည့်လက ယူခဲ့စဉ်က အီရတ်စစ်ပွဲကို စိုးရိမ်ဖွယ်ရာကောင်းသည့်စစ်ပွဲဟု ပြောကြားခဲ့သည်။ ၎င်းက နောက်ထပ် အီတလီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးမှုအပေါ် ဝမ်းနည်းကြောင်း ပြောကြားခဲ့ပြီး ၎င်း၏ ကာကွယ်ရေးဝန်ကြီးကလည်း အီရတ်မှ အီတလီတပ်ဖွဲ့ဝင် ၂၆၀၀ ကို ယခုနှစ်ကုန်တွင် ရုပ်သိမ်းမည်ဟု ကတိကဝတ်ပြုခဲ့သည်။

သို့ရာတွင် ရိုမန်ကက်သလစ်ခရစ်ယာန် ဘာသာရေးဂိုဏ်းမှသည် ကွန်မြူနစ်များအထိ ပါဝင်သည့် လက်ဝဲညွှန့်ပေါင်းအဖွဲ့က နှစ်ကုန်အထိ စောင့်ရမည့် ခြောက်လတာကာလသည် ကြာလွန်းကြောင်း တိုက်တွန်း ပြောကြားကြသည်။

နာဆီရီယာမြို့အနီး အီတလီ အခြေစိုက်စခန်းအနီးတွင် တနင်္လာနေ့ညက လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် အီတလီတပ်ဖွဲ့ဝင်လေးဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်ရပ်သည် ဝန်ကြီးချုပ် ပရော့ဒီ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ခံရပြီး ဒုတိယမြောက်ဖြစ်ရပ်ဖြစ်သည်။

မိမိတို့၏တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးတိုင်း မိမိတို့ ဝမ်းနည်းပူဆွေးမှု မြင့်မားလာခဲ့ရသလို အီရတ်သို့ တပ်ဖွဲ့ဝင်စေလွှတ်မှုကိစ္စ အဆုံးသတ်ရမည့် ကိစ္စလည်း အရေးကြီးလာခဲ့ရသည်ဟု သဘာဝပတ်ဝန်းကျင်ဌာန ဝန်ကြီး စကင်နီယိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ချီတက်ပွဲကို ဇွန် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အလှမယ်ရွေးချယ်ပွဲကို မြို့တော် ပေကျင်းတွင် ဇွန် ၇ရက်က ကျင်းပရာ ဆုရရှိသူ နှစ်ဦး (ဝဲဘက်မှ)ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လူကုန်ကူးမှုကို တိုက်ဖျက်ခြင်းမရှိဆိုသော ကန်၏ အစီရင်ခံစာ ဗင်နီဇွဲလားသမ္မတ၏သိက္ခာ ကျစေရန် ပြုလုပ်မှုဟုဆို

ကာရာကတ်စ် ဇွန် ၇

ဗင်နီဇွဲလားနိုင်ငံက လူကုန်ကူးမှုလုပ်ငန်းကို ထိထိရောက်ရောက် တိုက်ဖျက်မှု မရှိဟူသော အမေရိကန်၏ အစီရင်ခံစာကို ဗင်နီဇွဲလားအစိုးရက ပယ်ချလိုက်ပြီး သမ္မတချာဗက်ဇ်၏ ဂုဏ် သိက္ခာကျဆင်းစေရန် ပြုလုပ်သည့် လှုပ်ရှားမှုတစ်ရပ်၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း ဝေဖန်ပြောကြားသည်။

ဗင်နီဇွဲလား အမျိုးသားလွှတ်တော် အမတ်များက လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေများ ချမှတ်ပြီးဖြစ်ကြောင်း၊ ဗင်နီဇွဲလားအစိုးရက ၂၀၀၆ခုနှစ်အတွင်း လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် အမေရိကန် ဒေါ်လာ ၁၇၀၀၀၀ အကုန်အကျခံကာ လုပ်ကိုင်သွားနိုင်ရန် စီစဉ်ထားကြောင်း အမေရိကန်ပြည်ထောင်စုရှိ ဗင်နီဇွဲလားသံရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုးရွားဆုံး

အမေရိကန်နိုင်ငံခြားရေး ဌာနက ထုတ်ပြန်သည့် လူကုန်ကူးမှုဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတွင် ကမ္ဘာပေါ်၌ လူကုန်ကူးမှု အဆိုးရွားဆုံး နိုင်ငံ ၁၃ နိုင်ငံတွင် ဗင်နီဇွဲလားနိုင်ငံကို အဆင့် (၃)တွင် ဖော်ပြထားပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် တန်ပြန်စီမံဆောင်ရွက်မှုများကို ရက် ၉၀အတွင်း ပြုလုပ်ခြင်းမရှိပါက ယင်းနိုင်ငံများသည် ပိတ်ပင်ကန့်သတ်မှုဖြင့် ရင်ဆိုင်ကြုံတွေ့နိုင်သည်ဟု ဖော်ပြထားသည်။

ပြစ်ဒဏ်ပေး

လွန်ခဲ့သည့် ၁၂ လကာလအတွင်း ဗင်နီဇွဲလား အာဏာပိုင်များက လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ပြီး မှောင်ခိုသမားများကို ပြစ်ဒဏ်ပေးခဲ့ကာ ယင်းပြဿနာ ကိုင်တွယ် ဖြေရှင်းရေးအတွက် ရဲတပ်ဖွဲ့နှင့် အစိုးရအဖွဲ့အစည်းများသို့လည်း ကူညီပံ့ပိုးပေးခဲ့သည်ဟု ဗင်နီဇွဲလားအစိုးရ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရ၏ စွပ်စွဲပြောကြားချက်နှင့်ပတ်သက်၍ အထောက်အပံ့ဖြစ်စေနိုင်သည့် သက်သေအထောက်အထားမရှိဟု ကြေညာချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယာဉ်မောင်းရင်း မူးယစ်ဆေးဝါး အသုံးပြုမှု ဥရောပတိုက်၌ ဗြိတိန်အများဆုံးဖြစ်

လန်ဒန် ဇွန် ၇

ဗြိတိန်နိုင်ငံသား ယာဉ်မောင်းသူ ငါးဦးလျှင် တစ်ဦးသည် မူးယစ်ဆေးဝါး မှီဝဲကာ ယာဉ်မောင်းကြပြီး ယာဉ်မောင်း ၁၀ဦးလျှင် လေးဦးက ယင်းသို့ မူးယစ်ဆေးမှီဝဲခြင်းဖြင့် ယာဉ်မောင်းရာတွင် ထိခိုက်မှုမဖြစ်နိုင်ဟု ထင်မြင်နေကြကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံသည် ဥရောပတိုက်ရှိ နိုင်ငံများအနက်ယာဉ်မောင်းရင်း မူးယစ်ဆေးအသုံးပြုမှု အများဆုံးနိုင်ငံဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲပြီး ယာဉ်မောင်းခြင်းသည် အရက်သောက်ပြီး ယာဉ်မောင်းသကဲ့သို့ ဗြိတိန်နိုင်ငံတွင် ဆိုးရွားသော ပြဿနာတစ်ရပ်ဖြစ်နေသည်ဟု မူးယစ်ဆေးဝါးဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦးဖြစ်ပြီး စစ်တမ်းပြုစုသူလည်းဖြစ်သည့်ရှော့ဘ်တန်းဘရစ်ကပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် လမ်းမတော်တဆဖြစ်မှုများကြောင့် သေဆုံးခဲ့သည့် ယာဉ်မောင်းသူဦးရေ ၁၀ရာခိုင်နှုန်း၏ ကိုယ်ခန္ဓာအတွင်း မူးယစ်ဆေးဝါး သုံးစွဲထားသည့် လက္ခဏာများ တွေ့ရှိရသည်ဟု ၎င်းက ပြောကြားသည်။

အဆိုပါ လေ့လာချက်စစ်တမ်းကောက်ယူရာတွင် လူ ၁၀၇၂ ဦးကို မေးမြန်းခဲ့ပြီး မူးယစ်ဆေးဝါး သုံးစွဲပြီး ယာဉ်မောင်းသူ၁၀ရာခိုင်နှုန်းက ယင်းသို့ အသုံးပြုခဲ့ကြောင်း ဝန်ခံပြောကြားပြီး ၃၀ရာနှုန်းက ရဲတပ်ဖွဲ့က စစ်ဆေးမှုများ ပိုမိုပြုလုပ်ပါက ယာဉ်မောင်းစဉ် မူးယစ်ဆေးဝါး အသုံးမပြုလိုတော့ကြောင်း ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကုမ္ပဏီဝန်ထမ်း ၅၀ ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဇွန် ၇

ရဲတပ်ဖွဲ့ဝတ်စုံများ ဝတ်ဆင်ထားသည့်သေနတ်သမားများသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများမှဝန်ထမ်း၅၀ကို ပြန်ပေးဆွဲခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံတို့သို့ သယ်ယူပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပြုလုပ်နေသည့် ကုမ္ပဏီအများစုရှိရာ ဘဂ္ဂဒက်မြို့ လမ်းမကြီးတစ်လျှောက်တွင် သေနတ်သမားများက စနစ်တကျအကွက်ချကာ ပြန်ပေးဆွဲခဲ့ကြခြင်း ဖြစ်သည်ဟု အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

၎င်းပြန်ပေးသမားများသည် စစ်သွေးကြွများ သို့မဟုတ် ခြိမ်းခြောက်ငွေတောင်းနေသည့် ရာဇဝတ်ဂိုဏ်းများမှ ဂိုဏ်းဝင်များဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်နိုင်ငံ မြို့တော် တီဟီရန်တွင် ဇွန် ၇ရက်က ဖွင့်လှစ်လိုက်သော ဈေးကြီးတစ်ဈေးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဈေးဝယ်ထွက်မှုကို အာရှသားတို့ ပိုမိုနှစ်သက်

ဟောင်ကောင် ဇွန် ၇

ကမ္ဘာတစ်ဝန်းတွင် ဈေးဝယ်ထွက်မှုကိုနှစ်သက်သူအများစုသည်အာရှဒေသမှဖြစ်ကြပြီးအထူးသဖြင့် ဟောင်ကောင်ဒေသမှဖြစ်ကြောင်း အေစီနယ်လ်ဆင်သုတေသနဌာနက အင်တာနက်မှတစ်ဆင့် ပြုလုပ်သော လေ့လာချက်စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

ကမ္ဘာ့တစ်ဝန်းတွင်ဈေးဝယ်ထွက်မှုကို နှစ်သက်သူ ၇၄ရာခိုင်နှုန်းသည် ဈေးဝယ်ထွက်မှုကိုစိတ်ပျော်ရွှင်မှုတစ်ရပ်အဖြစ် သဘောထားကြသည်ဟု ဝန်ခံပြောကြားကြပြီး ဟောင်ကောင်ဒေသမှ ဈေးဝယ်သူ ၉၃ ရာခိုင်နှုန်းသည်လည်း ယင်းနည်းတူဖြစ်ကြောင်း သဘောထား ထုတ်ဖော် ပြောကြားကြသည်ဟု မကြာမီက ကောက်ယူခဲ့သည့် စစ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို ဇွန် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် ဖိလစ်ပိုင်နှင့် ပိုလန်မျှော်မှန်း

မနီလာ ဇွန် ၇

ဖိလစ်ပိုင်နှင့် ပိုလန်နိုင်ငံတို့သည် သတင်းနည်းပညာဖလှယ်ရေးနှင့် လက်နက်ငယ်များနှင့် ခဲယမ်းမီးကျောက်များ ထုတ်လုပ်မည့် ဖက်စပ်လုပ်ငန်းတစ်ရပ် တည်ထောင်ရေးတို့တွင် အကျိုးရရှိစေမည့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်တစ်ရပ် ရရှိရန် မျှော်မှန်းလျက်ရှိကြောင်း ကာကွယ်ရေးဌာနမှ တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ရဟတ်ယာဉ်များအပါအဝင် ကာကွယ်ရေးပစ္စည်းကိရိယာများ ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာသန်း ၁၄၀ ရှိ ချေးငွေတစ်ရပ်ကို ပိုလန်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ ပေးအပ်လိုက်ကြောင်း ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီး ရာဒိုစလောဆီကောစကီးက ဖိလစ်ပိုင်နိုင်ငံ ကာကွယ်ရေးဝန်ကြီး အဗီလီနိုခရုဇ်ကို တွေ့ဆုံနှုတ်ဆက်စဉ် တာဝန်ရှိသူများက ကြေညာသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ချေးငွေပေးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးတွင် မိမိတို့၏ ယုံကြည်စိတ်ချမှု သဘောလက္ခဏာကို ပြသခြင်းဖြစ်ကြောင်း၊ ယင်းချေးငွေကို ဖိလစ်ပိုင်နိုင်ငံ၏ စစ်ဘက်ဌာန၊ ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များက ပိုလန်နိုင်ငံထုတ် ပစ္စည်းကိရိယာများ ဝယ်ယူရာတွင် အသုံးပြုမည်ဖြစ်ကြောင်း ဆီကောစကီးက သတင်းထောက်များအား ပြောကြားသည်။

ကဏ္ဍအများအပြားကို လေ့လာဖော်ထုတ်နိုင်သည့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ရရှိသည့်အဆင့်သို့ ရောက်ရှိလိုကြောင်း၊ နှစ်နိုင်ငံကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် အပြန်အလှန် လေ့လာမှုများနှင့် စစ်ရေးသတင်းဖလှယ်မှုတို့ ပါဝင်မည်ဖြစ်ကြောင်း ခရုဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်သုံးချောင်းပါကလေး ခွဲစိတ်မှုအောင်မြင်

ရှန်ဟိုင်း ဇွန် ၇

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် နှစ်လသားအရွယ် ယောကျ်ားလေးတစ်ဦး၏ ပုံသဏ္ဌာန်မမှန်သော တတိယ မြောက်လက်အပိုတစ်ချောင်းကို ခွဲစိတ်ကုဆရာဝန်များက ဇွန် ၆ရက်တွင် အောင်မြင်စွာဖယ်ရှားပေးခဲ့သည်ဟု သတင်းတစ်ရပ်၌ ရေးသားဖော်ပြသည်။

ခက်ခဲရှုပ်ထွေးလှသော ခွဲစိတ်မှုကို ရှန်ဟိုင်းကလေးဆေးရုံမှ ခွဲစိတ်အထူးကုဆရာဝန် ချန်ဘိုချန်က အောင်မြင်စွာ ပြုလုပ်ပေးခြင်းဖြစ်သည်။

ခွဲစိတ်မှုခံယူသောကလေးသည် တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်မှဖြစ်ပြီး ၎င်းတွင် ထူးခြားစွာ ဘယ်ဘက်လက်နှစ်ချောင်းပါလာကြောင်း၊ ထိုလက်နှစ်ဖက်စလုံးသည် လှုပ်ရှား နိုင်ခြင်းမရှိကြောင်း သိရှိရသည်။

ကလေးကို သုံးနာရီကြာ ခွဲစိတ်မှုပြုလုပ်ပြီးနောက် ယခုအခါတွင် အခြေအနေ ကောင်းမွန်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုက်ကြီးမြို့နယ် ဇေယျသတ္တုတု(ရန်အောင်မြင်) ဓာတ်ပေါင်းစုစေတီတော် ရွှေထီးတော်တင်အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်ကြည်ညို အဖျောက်သဘာဝဓာတ်ငွေ့မြေနှင့် မြစ်ရေကြီးမှုကာကွယ်ရန် ကမ်းတာလုပ်ငန်းစစ်ဆေး

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု ဇေယျသတ္တုတု(ရန်အောင်မြင်) ဓာတ်ပေါင်းစုစေတီတော် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို၍ စိန်ဖူးတော်တင်လှူပူဇော်ပြီး တိုက်ကြီးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တင်လှူပူဇော်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု ဇေယျသတ္တုတု (ရန်အောင်မြင်) ဓာတ်ပေါင်းစု စေတီတော်တွင် စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

စိန်ဖူးတော်တင်လှူ

ရှေးဦးစွာ တိုင်းမှူးက စေတီတော် အထွတ်၌ စိန်ဖူးတော်တင်လှူပူဇော်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် ဥတိုကျေးရွာ အုပ်စုရှိ ဦးအောင်ကျော်မြင့်၏ လယ်မြေ၌ ကျင်းပသည့် တစ်မိုးနှစ်သီး(ပထမ မိုးစပါး) စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

သဘာဝဓာတ်ငွေ့မြေကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ်ရှိ အဖျောက် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်၍ ထုတ်လုပ်ရေးအင်ဂျင်နီယာ ဦးတင်အောင်မြင့်က သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု၊ဖြန့်ဖြူးမှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး စက်ရုံ အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး သည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် အဖျောက်မြို့ ပြည်လုံးချမ်းသာ လောကမာရ်အောင်ဘုရားကြီးအား ဝင်ရောက် ဖူးမြော်ကြည်ညို၍ ဘုရားကြီး ဘက်စုံ ပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

တိုက်နယ်ဆေးရုံကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အဖျောက်မြို့ တိုက်နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံ အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ ထောက်ပံ့ ငွေများ ပေးအပ်ကြသည်။

ထို့နောက် ဆေးရုံသံဃာ့ဆောင်၌ တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်ခင် အေးရီက ဆေးရုံမှဆောင်ရွက်ပေးလျက် ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဆေးရုံ အတွက် လိုအပ်သည့် ဓာတ်မှန်စက် ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း မိခင် နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းကို တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်ခင်အေးရီထံ ပေးအပ်သည်။

ကမ်းတာလုပ်ငန်း

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် အဖျောက်မြို့အား မြစ်ရေကြီးခြင်း မှ ကာကွယ်နိုင်ရန် ဆောင်ရွက်လျက် ရှိသည့် ကမ်းတာလုပ်ငန်းသို့ ရောက်ရှိ လာရာ ယာယီရှင်းလင်းဆောင်၍ ဌာန ဆိုင်ရာတာဝန်ရှိသူများက အဖျောက် တာမြှင့်တင်ခြင်းနှင့် ပန်းတာ တည် ဆောက်ခြင်းလုပ်ငန်းများ၊ အမှတ်(၁) ရပ်ကွက် ဖြတ်တာတည်ဆောက်ခြင်းနှင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြ ချက်များနှင့်ပတ်သက်၍ လိုအပ်သည် များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး အဖျောက် မြို့ အမှတ်(၁)ရပ်ကွက် ဖြတ်တာ တစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေး သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အဖျောက် မြို့ ငွေဥဒေါင်းခန်းမ၌ မြို့နယ်အတွင်း ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ အား တွေ့ဆုံရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး အဖျောက်မြို့ ဘက်စုံ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ပံ့ပိုး ဖြည့်ဆည်းပေးကာ တွေ့ဆုံပွဲ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေသည် အဖျောက်မြို့ အခြေခံပညာ အထက် တန်းကျောင်း၌ ကျင်းပသည့် ကလေး များအတွက် ကျန်းမာသော ပတ်ဝန်း ကျင်နှင့် အမှိုက်ကင်းစင်၊ ခြင်ကျား ကင်းစင်၊ဆေးလိပ်ကင်းစင်သော ကျောင်း ဖြစ်မြောက်ရေး လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာ စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ် ဒါဇင် ၅၀ နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေထံမှ အသင်း ဝင်အဆိုပြုလွှာ စောင်ရေ ၁၀၀၀ ကို လက်ခံယူသည်။

ဆက်လက်၍ တိုင်းမှူးသည် တိုက် ကြီး၊ ဥတိုချောင်းသုံးခွ၊ အဖျောက်လမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးနှင့် ဇနီးတို့သည် တိုက်ကြီး မြို့နယ် ဂျိုးဖြူစံပြကျေးရွာ၌ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များ ပါဝင် စိုက်ပျိုးပေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ အဖျောက်မြို့ တိုက်နယ်ပြည်သူ့ဆေးရုံအတွက် လိုအပ်သည့် ဓာတ်မှန်စက်ဝယ်ယူရန် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၅သိန်းကို တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်ခင်အေးရီထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သွားရောက်လေ့လာ

ရန်ကုန် ဇွန် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin ဦးဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါ လေ့ကျင့်ရေးဆိုင်ရာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်ကြပြီး ဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်းအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာ ရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့ တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin က နှုတ်ခွန်းဆက်စကား ပြန်လည်ပြော ကြားသည်။

ဆက်လက်၍ မြန်မာ–တရုတ် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက် ရေး အစီအစဉ်အရ သင်ကြားမှုဆိုင်ရာ များကို အပြန်အလှန် ဆွေးနွေးကြပြီး ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိ ချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းက နိဂုံးချုပ် စကားပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒုတိယကျောင်းအုပ်ကြီးနှင့် အဖွဲ့ဝင် များအား နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင် ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယကျောင်းအုပ် ကြီးနှင့်အဖွဲ့ဝင်များသည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်အတွင်းရှိပြခန်း များကို လှည့်လည်ကြည့်ရှု လေ့လာ ကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်းသည် ဒုတိယကျောင်းအုပ်ကြီး နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားပွဲများ

ရန်ကုန် ဇွန် ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၈၂) နတ်မောက်လမ်း မိုးကုတ် ဝိပဿနာ အဖွဲ့ချုပ်ကြီး၌ ဝါတွင်း ကာလ အထူး ၁၀ ရက် တရားစခန်းပွဲ များကို တစ်လလျှင် နှစ်ကြိမ် ကျင်းပ မည်ဖြစ်ရာ ဝါဆိုလပြည့်ကျော် ၆ရက်မှ ၁၅ရက်အထိ ဇနိတာရာမကျောင်း ဆရာတော် ဘဒ္ဒန္တ ဇနိတာလင်္ကာရက လည်းကောင်း၊ ဝါခေါင်လဆန်း ၆ရက်မှ ၁၅ရက်အထိ ဘုရားလေး ကျောင်းဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏက လည်းကောင်း၊ ဝါခေါင်လပြည့်ကျော် ၆ရက်မှ ၁၅ရက်အထိ မဏိရတနာ ကျောင်းဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တ ပဏ္ဍိတကလည်းကောင်း၊ တော်သလင်း လပြည့်ကျော် ၆ ရက်မှ ၁၅ရက်အထိ အောင်စကြာကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီက လည်းကောင်း၊ တော်သလင်းလပြည့်ကျော် ၆ရက်မှ ၁၅ ရက်အထိ ကျိုက္ကလော့ကျောင်း ဆရာတော် ဒေါက်တာ စန္ဒာဝရာဘိဝံသ က လည်းကောင်း၊ သီတင်းကျွတ် လဆန်း ၆ရက်မှ ၁၅ရက်အထိ ရွှေ မြင့်မိုရ်ကျောင်းဆရာတော် ပိဋကတစ်ပုံ အောင် ဘဒ္ဒန္တ သောဘဏကလည်း ကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရား တော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း–၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (က–ပ)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်

ရန်ကုန် ဇွန် ၈

၂၀၀၆ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပထမအဆင့် ရေးဖြေစာမေးပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကျောက်တံတား မြို့နယ်ရှိ ပြည်သူ့အင်အားဦးစီးဌာန (ရန်ကုန်)တွင် ကျင်းပရာ အဖွဲ့ပေါင်း ၃၄ဖွဲ့ ဝင်ရောက်ဖြေဆိုကြသည်။

ယနေ့ဖြေဆိုသည့် အဖွဲ့ ၃၄ ဖွဲ့မှ ၁၅ဖွဲ့ကိုရရှိသည့် အမှတ်အများဆုံးအရ ရွေးချယ်ပြီး ဇွန် ၁၁ ရက်တွင် ဒုတိယ အဆင့်ရေးဖြေစာမေးပွဲ ထပ်မံကျင်းပ၍ ၎င်းတို့အနက်မှ ရှစ်ဖွဲ့ ရွေးချယ်ပြီး အမှတ်အများဆုံးရရှိသော အဖွဲ့သုံးဖွဲ့ကို ဇွန်တတိယပတ်တွင် ဗိုလ်လုပွဲကျင်းပ ကာ ရုပ်မြင်သံကြားဌာနများမှ ထုတ် လွှင့်မည်ဖြစ်ကြောင်းနှင့် ကျန်ငါးဖွဲ့ကို အထူးဆုပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရေနံဓာတုစက်ရုံစု(မန်း) သံပုရာကန်စစ်ဆေး စက်ရုံစွမ်းအားပြည့် ပုံမှန်လည်ပတ်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇွန် ၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတုဗေဒစက်ရုံစု(မန်း)သံပုရာကန်သို့ သွားရောက်စစ်ဆေးရာ ဝန်ကြီးအား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးဇော်ဝင်းက (မန်း)သံပုရာကန် ရေနံဓာတုဗေဒစက်ရုံစု၏ရေနံစိမ်းလက်ခံရရှိမှု၊ ဓာတ်ဆီ၊ဒီဇယ်ဆီချက်လုပ်မှုနှင့် သိုလှောင်ဖြန့်ဖြူးမှုအခြေအနေများကိုလည်းကောင်း၊ စက်ရုံ၏ လက်ရှိလည်ပတ်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံလည်ပတ်မှုအခြေအနေ၊ ဆိပ်ကမ်း၌ ဆီအတင်အချဆောင်ရွက်မှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံစုဝေးခန်းမ၌ ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးသွားရေး၊ စက်ရုံ စွမ်းအားပြည့်ဖြင့်ပုံမှန် လည်ပတ်နိုင်ရေးတို့အတွက် ဝန်ထမ်းများအားလုံး မိမိတို့ကျရာကဏ္ဍမှ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် မင်းဘူးမြို့ရှိ ထောက်ရှာပင်/ကမ်းနီရေနံမြေ ရေနံစိမ်း လက်ခံသိုလှောင်စခန်းသို့ ရောက်ရှိပြီး ရေနံစိမ်းလက်ခံသိုလှောင်မှု အခြေအနေ၊ ရေနံချက်စက်ရုံသို့ ပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည်ထောက်ရှာပင် ရေနံမြေတွင်းသစ် အမှတ်(၇၂၉) တူးဖော်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရေနံမြေအထွေထွေမန်နေဂျာ ဦးနုက တွင်းသစ်အမှတ်(၇၂၉) တူးဖော်နေမှုအခြေအနေနှင့် အလားအလာများကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးမှာကြားပြီး တွင်းသစ်တူးဖော်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ထောက်ရှာပင် တွင်းအမှတ်(၇၂၀)မှ ရေနံစိမ်းထုတ်လုပ်နေမှု အခြေအနေနှင့် ထပ်မံတူးဖော်မည့် တွင်းသစ်အမှတ် (၇၃၀)အား တွင်းနေရာပြင်ဆင်ခြင်း ဆောင်ရွက်နေမှု လုပ်ငန်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မကွေးတိုင်း မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု (မန်း)သံပုရာကန်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၅ရက် နံနက် ၉နာရီတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဌာနအကြီးအကဲများနှင့် ပြည်နယ်/တိုင်းမန်နေဂျာများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်/တိုင်းမန်နေဂျာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပညာသင်ထောက်ပံ့ငွေ

ထို့နောက် ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား စုစုပေါင်း ၈၂၄ဦးအတွက် ဝန်ကြီးကိုယ်စား အထူးအရာရှိ ဗိုလ်မှူးကြီး ဝင်းမောင်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်တို့က ရုံးချုပ်အခြေစိုက် စခန်းများနှင့် ပြည်နယ်/တိုင်းများ၏ ကိုယ်စားလှယ်များကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်/တိုင်းမန်နေဂျာများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်ရန် လျာထားချက်တို့ကို တင်ပြကြပြီး ပထမနေ့အစည်းအဝေးကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

ရန်ကုန်မြို့တာမွေမြို့နယ် ကျောက်မြောင်း သင်္ဂဟလမ်းနေ ဦးအေးကို၊ ဒေါ်လှမြင့် မိသားစုတို့က ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးညွှန့်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲ ရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ်ဇွန်လအတွက်

(၁၁-၆-၂၀၀၆)ရက်နေ့ နှင့်

(၂၅-၆-၂၀၀၆)ရက်နေ့

အင်တာနက် စီးပွားရေးသတင်း

တရုတ်နိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သော ကီဝီသီးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကီဝီသီး အခြေခံစားသောက်ကုန် ကမ္ဘာ့ဈေးကွက်တွင် ရေပန်းစားလာ

ဟာမီလ်တန် (နယူးဇီလန်) ဇွန် ၈

တရုတ်ပြည်ပေါက် ဘယ်ရီသီးတစ်မျိုးဖြစ်သော ကီဝီသီးအခြေခံစားသောက်ကုန်ပစ္စည်းသည် ကမ္ဘာ့စားသောက်ကုန်ဈေးကွက်တွင် ရေပန်းစားလာနေကြောင်း ဇွန် ၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံရှိ ဘိုင်အိုဝိတိုရိယအမည်ရှိ ကုမ္ပဏီသည် ကီဝီသီးအခြေခံစားသောက်ကုန်ပစ္စည်းကို ထုတ်လုပ်ကာ သကြားကို အစားထိုးနိုင်စေမည့် နည်းလမ်းတစ်ရပ်အဖြစ် ကမ္ဘာ့စားသောက်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဒေါ်လာဘီလီယံပေါင်းများစွာ ဝင်ငွေရရှိစေနိုင်သော လုပ်ငန်းအဖြစ် ရောက်ရှိလာကြောင်း ဥယျာဉ်စိုက်ပျိုးရေးဆိုင်ရာ သိပ္ပံပညာရှင် ဒေါက်တာဂတ်စမစ်က ပြောကြားသည်။

နည်းလမ်းရှာဖွေ

ဒေါက်တာစမစ်သည် ကီဝီသီးများကို သိပ္ပံနည်းပညာဖြင့် စီးပွားဖြစ်ထုတ်လုပ်သည့် စားသောက်ကုန်အဖြစ်သို့ ပြောင်းလဲနိုင်ရန် နည်းလမ်းရှာဖွေခဲ့သူဖြစ်သည်။

ကီဝီသီးသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံ၌သာလျှင် စိုက်ပျိုးထုတ်လုပ်သည့် ဘယ်ရီသီးဖြစ်ပြီး နွယ်ပင်မျိုးနွယ်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ရှေးပဝေသဏီကာလမှစ၍ ယင်းအသီးအား ချိုမြသည့်အရသာကို သဘာဝကျကျပေးစွမ်းသော အသီးအဖြစ် သုံးစွဲလာခဲ့ကြသည်။ တရုတ်နိုင်ငံတွင် လျိုဟန်(Luo han)အသီးဟူ၍ သိရှိကြသော ကီဝီသီးကိုသုံးစွဲပုံမှာ အခြောက်ခံကာ အမှုန့်ကြိတ်၍ လက်ဖက်ခြောက်နှင့်အတူ ရေနွေးကြမ်း၌ ခတ်ကာ သောက်သုံးခြင်းဖြစ်သည်။

ကီဝီသီးသည် အခွံပါးလွှာပြီး အမွေးအမှင်ပါရှိကာ ယင်း၏ အစေ့မှာ အနက်ရောင်ဖြစ်သည်။ ကီဝီသီး၏ အသားမှာ နူးညံ့ပြီး အလုံးအရွယ်အစားမှာ ကြီးမားသည်။

ဘိုင်အိုဝိတိုရိယကုမ္ပဏီသည် ကီဝီသီးစားသောက်ကုန်ကို ပြူဝါလိုအမည်ဖြင့် ထုတ်လုပ်လျက်ရှိသည်။ ကီဝီသီးအခြေခံစားသောက်ကုန်သည် သကြားထက်အဆပေါင်း ၃၆၀ ချိုမြပြီး ကယ်လိုရီပါဝင်မှုမရှိသည့် သဘာဝစားသောက်ကုန်တစ်မျိုးဖြစ်သည်။ **အင်တာနက်**

နွယ်ပင် ဖြစ်သည့် ကီဝီပင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျဉ်းမနားခရိုင် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၈

ပျဉ်းမနားခရိုင် ၂၀၀၆–၂၀၀၇ခု နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၆ရက် မွန်းလွဲ ၁နာရီတွင် ပျဉ်းမနားမြို့ရှိ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေးကြီးကြပ်ညှိနှိုင်းမှုကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက် တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရေးအခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်း အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား စီမံကိန်းတာဝန်များကို ပေးအပ်ပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း နေပြည်တော်–မန္တလေး–နေပြည်တော် အစုန်၊အဆန်ရထားလိုင်းသစ် စတင်ပြေးဆွဲသည့် အခမ်းအနားတွင် ရထားဖြင့် စီးနင်းလိုက်ပါကြသည့် ခရီးသည်များအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော်–မန္တလေး–နေပြည်တော် နေ့ချင်းပြန်အစုန်အဆန်ရထားလိုင်း စတင်ပြေးဆွဲ

နေပြည်တော် ဇွန် ၈

မန္တလေးမြို့မှ နေပြည်တော်သို့ လာရောက်၍ တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ နေပြည်တော်၌ ညအိပ်ရန်မလိုဘဲ နေ့ချင်းပြန်ခရီး လွယ်ကူချောမွေ့ သက်သောင့်သက်သာ ခရီးသွားလာနိုင်ရန်နှင့် နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ အချိန်တိုဖြင့် ခရီးသွားလာနိုင်စေရန်ရည်ရွယ်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် နေပြည်တော်–မန္တလေး–နေပြည်တော် အစုန်၊ အဆန်ရထားလိုင်းသစ် စတင်ပြေးဆွဲသည့် အခမ်းအနားကို ယမန်နေ့ ည ၁၀နာရီခွဲတွင် ပျဉ်းမနားဘူတာ စင်္ကြံအမှတ်(၁)၌ ကျင်းပသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ပျဉ်းမနားဘူတာသို့ ရောက်ရှိလာရာ ပျဉ်းမနားဘူတာ ရုံပိုင်ချုပ် ဦးအောင်သန်းကျော်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ ဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်–မန္တလေး–နေပြည်တော် အစုန်၊အဆန်ပြေးဆွဲမည့်ရထားကို ကြည့်ရှုစစ်ဆေးကြပြီး ရထားဖြင့် စီးနင်းလိုက်ပါလာကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ခွန်းဆက်ကာ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင် ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က နေပြည်တော်–မန္တလေး–နေပြည်တော် လိုင်းသစ်တွင် ပြေးဆွဲမည့် စက်ခေါင်း RBE–၃၆၁၁ ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အောင်သပြေပန်းကို စက်ခေါင်း၌ ချည်ပေးကာ ရထားလိုင်းသစ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ည ၁၀နာရီခွဲတွင် နေပြည်တော်–မန္တလေး–နေပြည်တော် ရထားလိုင်းသစ် စတင်၍ ပျဉ်းမနားဘူတာမှ ထွက်ခွာရာ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ခရီးသည်များအား ဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ဌာနဆိုင်ရာအကြီးအကဲများက ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

အဆိုပါ နေပြည်တော်–မန္တလေး–နေပြည်တော် မီးရထားလိုင်းသစ်တွင် ပျဉ်းမနားဘူတာမှ အမှတ်(၂၅) အဆန်ရထားသည် နေ့စဉ်ည ၁၀နာရီခွဲတွင် ထွက်ခွာပြီး မန္တလေးဘူတာသို့ နံနက် ၅ နာရီတွင် ရောက်ရှိမည် ဖြစ်သည်။

ထို့အတူ မန္တလေးဘူတာမှ အမှတ်(၂၆)အစုန်ရထားသည် နေ့စဉ် နံနက် ၇နာရီတွင် စတင်ထွက်ခွာပြီး ပျဉ်းမနားဘူတာသို့ မွန်းလွဲ ၂နာရီတွင် ဆိုက်ရောက်မည် ဖြစ်သည်။

အဆိုပါရထားသည် လမ်းဘူတာများဖြစ်သည့် ရွာတော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သားနှင့် ကျောက်ဆည် ဘူတာများ၌ ရပ်တန့်ပေးမည် ဖြစ်သည်။

လက်မှတ်ခ နှုန်းထားများမှာ ပျဉ်းမနား–မန္တလေးရိုးရိုးတန်း ငွေကျပ် ၆၅၀၊ ပထမတန်း ငွေကျပ် ၈၁၀ ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ဘူတာရုံများ၌ ပထမတန်းလက်မှတ်ကို သုံးရက် ကြိုတင်ဝယ်ယူနိုင်ပြီး ရိုးရိုးတန်းလက်မှတ်ကို တစ်ရက် ကြိုတင် ဝယ်ယူနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

ကုန်သည်/ စက်မှုအသင်းချုပ်သို့ ကွန်ပျူတာနှင့် ပရင်တာများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၈

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အတွက် ကွန်ပျူတာနှင့် ပရင်တာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၆ရက် မွန်းတည့် ၁၂နာရီက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အဆောက်အအုံ၌ကျင်းပသည်။

အခမ်းအနားတွင် Mr. William Lung Ng, Trade Representative of Republic of Nauru Trade Promotion Office in the Union of Myanmar and Chairman of China Nauruam Entrepreneurs Association က ကုန်သည်/စက်မှုအသင်းချုပ်အတွက် TCL Branded Computer နှင့် Printer (Complete Set) ၁၅စုံ ပေးအပ်လှူဒါန်းရခြင်းကို ရှင်းလင်း ပြောကြားပြီးလှူဒါန်းရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေးပုဂ္ဂိုလ်ဒေါက်တာကျော်ထင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဦးအောင်လွင်၊ဦးသောင်းတင်၊ အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်တို့က လက်ခံရယူကြသည်။ **(အပေါ်ဓါတ်ပုံ)**

ထို့နောက် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်သည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး ဝင်းအတွင်း ပြသထားသော နန်းတော်ကျွန်းတိုင်ကြီးများအား ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)

ကမ္ဘောဇသာဒီရွှေနန်းတော် တည်ဆောက်ပြသမှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဇွန် ၈

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ယမန်နေ့မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းမြတ်၏ ကမ္ဘောဇသာဒီရွှေနန်းတော် တည်ဆောက်ပြသမှုလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဝန်ကြီးက ဘုရင့်နောင်မင်းမြတ်သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ခံ့ညားစွာတည်ထောင်ခဲ့သော မင်းကြီးဖြစ်ကြောင်း၊ လာရောက်လေ့လာကြည့်ရှုကြသော ပြည်တွင်း ပြည်ပ သုတေသီများကို ရှင်းလင်းပြသရာတွင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးတည်၍ ရှင်းလင်းပြသရန်လိုကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအားလုံး၌ ပြသထားသမျှသည် သမိုင်းအထောက်အထားခိုင်လုံရန်လိုကြောင်း၊ရည်ညွှန်းကိုးကားရာတွင်လည်း နိုင်ငံခြားသား စာရေးဆရာများ၏ ရေးသားချက်များကိုသာ ဖော်ပြခြင်းမပြုဘဲ ဘုရင့်နောင်မင်းမြတ်ကိုယ်တိုင် မော်ကွန်းထိုးလှူဒါန်းခဲ့သော ကမ္ပည်းစာများမှ မူရင်းစာများကို အဓိကကိုးကား ဖော်ပြရမည်ဖြစ်ကြောင်း၊ ထို့အပြင် အဆောက်အအုံသစ်များ အတွက် ညစ်ညမ်းစေသည့် လင်းနို့၊ခိုများ၏ အန္တရာယ်ကို သိပ္ပံနည်းကျ ကာကွယ်ရေးအတွက် နည်းလမ်းများ ရှာဖွေရန် လိုကြောင်း၊ ရှေးဟောင်းသုတေသန ဦးစီးဌာနသည် မြန်မာ့သမိုင်းကို သုတေသနပြုတူးဖော်၍ အထောက်အထားရှာဖွေနေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းအားလုံး မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှု ဖြစ်ပေါ်တိုးတက်ပြောင်းလဲခြင်း အစဉ်ကြေညက်စွာ သိရှိနားလည်ကြရန်လိုကြောင်း၊ ပဲခူးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကြီးမားကျယ်ပြန့်ပါလျက် လူနေအိမ်ခြေများ၏အောက်တွင်ရောက်နေကြောင်း၊ ထို့ကြောင့် ပဲခူးမြို့သူ မြို့သားအားလုံးက သမိုင်းကို သိရှိပြီး အမြတ်တနိုးတန်ဖိုးထားရေးအတွက် အသိပညာပေးရန် လိုကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

၉–၆–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ စစ်ဆေး

ရန်ကုန် ဇွန် ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃ ရက် ညနေပိုင်းတွင် ပင်လောင်းမြို့နယ်ရှိ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအောက်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်း၌ စက်ယန္တရားများဖြင့် ကျောက်မီးသွေး တူးဖော်နေမှု၊ ကျောက်မီးသွေး သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီးနောက် ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်၏ ယန္တရားပြင် အလုပ်ရုံသို့ ဝင်ရောက်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်း၊ စက်ခလုတ်ခုံများ၊ တာဘိုင်၊ ဂျင်နရေတာ၊ ဘွိုင်လာတို့ကိုလည်းကောင်း၊ ရေသန့်စင်စက်ရုံနှင့် ပြာသိုလှောင်ရုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် စက်ရုံရှိ ရှင်းလင်းဆောင်၌ စက်ရုံမှူးများနှင့် ဝန်ထမ်းများ၊ ရှမ်းရိုးမ နဂါး ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဝန်ကြီးအား စက်ရုံမှူးနှင့် ရှမ်းရိုးမနဂါးမှ တာဝန်ရှိသူတို့က လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြသည်။

စေတနာကောင်းထား

ထို့နောက်ဝန်ကြီးက ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် ထက်မြက်သော ဝန်ထမ်းများဖြစ်အောင် ကြိုးစားလုပ်ကိုင်ကြရန်၊ ဤစက်ရုံမှ ဓာတ်အားအပြည့်အဝ ထုတ်လုပ်နိုင်ရေးအတွက် မိမိတို့၏ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ စက်ယန္တရားများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်ကြရန်၊ စက်များကြံ့ခိုင်မှုကို ပုံမှန် ပြုလုပ်ကြရန်၊ လုပ်ငန်းအပေါ် စေတနာကောင်းထားရှိ လုပ်ကိုင်ကြရန်တို့ကို အကျယ်တဝင့် ပြောကြားသည်။

တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၉၆၀ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပြီး ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို တီကျစ် ဓာတ်အားပေးစက်ရုံမှ ကလော ဓာတ်အားခွဲရုံသို့ ၁၃၂ ကေဗွီဓာတ်အား လိုင်းနှစ်လိုင်းဖြင့် မဟာဓာတ်အားလိုင်းစနစ်သို့ ချိတ်ဆက်၍ ဖြန့်ဖြူးပေးလျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကလိန်အောင်မြို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✳ ကာကွယ်ရေးဝန်ကြီးဌာနမှ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများက ဦးဆောင်ဦးရွက်ပြု၍ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြို့ပြင်ရှိ လမ်းဘေးဝဲ/ယာ ကိုက် ၅၀၀ အတွင်း၌ ကုန်းမြင့်လယ်မြေစပါး၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးကြစေလိုကြောင်း၊ တစ်ဖက်ကလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအခါတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကိုလည်း အိမ်တိုင်းအိမ်တိုင်း စိုက်ပျိုးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကလိန်အောင်တပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ မိသားစုဝင်ငွေတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်သွားကြရေး မှာကြားကာ တက်ရောက်လာကြသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ အစိုးရနည်းပညာကောလိပ်(ထားဝယ်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထွန်းအောင်က အစိုးရနည်းပညာကောလိပ်(ထားဝယ်)၏ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျော်သာကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးကျော်ဝင်းက သုံးထပ်ပင်မဆောင်ကို ၂၀၀၇ ခုနှစ် မတ်လအတွင်း ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အစိုးရနည်းပညာကောလိပ်(ထားဝယ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အစိုးရနည်းပညာ ကောလိပ်(ထားဝယ်) တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးကြိုးစားစားသင်ကြားပေးကြရေးမှာ ကြားသည်။

အဆိုပါ အစိုးရနည်းပညာကောလိပ်(ထားဝယ်)မှာ ၁၇ ဒသမ ၀၅ ဧက ကျယ်ဝန်းပြီး တည်ဆောက်ရေးလုပ်ငန်းများမှာ ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ် ပင်မလေးထပ်ဆောင် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ထားဝယ်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဦးကျော်ကျော်ဌေးက တက္ကသိုလ်၏ သင်ကြားစီမံကိစ္စရပ်များကို လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအထူးအဖွဲ့(၃)မှ လက်ထောက် အင်ဂျင်နီယာ ဦးခင်မောင်သန်းက စာသင်ဆောင်များ၊ ဆရာ၊ ဆရာမ နေအိမ်များနှင့် တက္ကသိုလ်အဝင်လမ်းများ တည်ဆောက်ပြီးစီးမှုတို့ကိုလည်းကောင်း၊ Ever Green Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ပင်မလေးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက တည်ဆောက်ရေး လုပ်ငန်းများကို အချိန်မီပြီးစီးရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည် များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဆရာ၊ ဆရာမ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ် တက္ကသိုလ် ပင်မလေးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထားဝယ်တက္ကသိုလ် အထူးပြုဘာသာရပ် ၁၄ ခုတွင် ကျောင်းသား ကျောင်းသူ ၂၀၃၆ ဦး၊ အဝေးသင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၄၅၄ ဦးတို့ ပညာသင်ကြားလျက်ရှိကြသည်။

ပင်မလေးထပ်ဆောင်တည်ဆောက်မှုအနေဖြင့် လုပ်ငန်းပမာဏတစ်ခုလုံး၏ ၇၃ ဒသမ ၀၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ပင်မလေးထပ်ဆောင်၏ မျက်နှာစာ အလျား ၅၀၇ ပေနှင့် အနံ ၃၀၃ ပေရှိမည်ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်တပ်နယ် ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

● အိန္ဒုမြစ်မှ

အိန္ဒုမြစ် လင်းပိုင်အရေအတွက် တိုးတက်မှုရှိလာသော်လည်း ယင်းသတ္တဝါများ၏ နေထိုင်ကျက်စားရာနေရာများကို ကာကွယ်စောင့်ရှောက်ပေးခြင်း မရှိပါက မျိုးသုဉ်းမည့်အန္တရာယ် ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း ပါကစ္စတန် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနအောက်ရှိ ပါကစ္စတန် စိုစွတ်သောကုန်းမြေ အစီအစဉ်ဌာန၏ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသော ဗြိတိသျှ ဇီဝဗေဒပညာရှင် ဂေးလ်ဘရောလစ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် ရေချိုနို့တိုက်သတ္တဝါတစ်မျိုးဖြစ်သော လင်းပိုင်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ မှစ၍ အစိုးရက ဥပဒေဖြင့် ပိတ်ပင်တားမြစ်ခဲ့သည်။

လင်းပိုင်ကောင်ရေ ပိုမိုပွားများလာစေရန် လုပ်ဆောင်ရမည့် နည်းလမ်းတစ်ရပ်မှာ လင်းပိုင်ကောင်ရေ သိပ်သည်းမှုများပြားသော နေရာရှိ လင်းပိုင်များကို လင်းပိုင်ကောင်ရေ သိပ်သည်းမှုနည်းပါးသော နေရာသို့ ရွှေ့ပြောင်းပေးရန်ဖြစ်ကြောင်း ဘရောလစ်က ပြောကြားသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် မြစ်ရေအသုံးပြုမှု အဆမတန်များပြားလာခြင်း၊ အိန္ဒုမြစ်အတွင်း ပိုးသတ်ဆေးယိုဖိတ်သည့်ဖြစ်ရပ်များ ပေါ်ပေါက်ခြင်း၊ ယင်းမြစ်အတွင်းသို့ စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းများ စွန့်ပစ်ခြင်း စသည့် အကြောင်းတရားများသည် လင်းပိုင်များ၏ ကျက်စားရာနေရာ ကျဉ်းမြောင်းလာမှုကို ဖြစ်ပေါ်စေကြောင်း ဘရောလစ်က ပြောကြားသည်။

အင်တာနက်။

❁ NLD မှ

ယင်းအခမ်းအနားသို့ မိုးမောက်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် NLD ပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဒင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်အတွင်းရေးမှူး ဦးဝင်းမောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ မြို့နယ်အလုပ်အမှုဆောင် ကိုးဦး၏ကိုယ်စား မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလုပြေက နုတ်ထွက်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြရာတွင် ၎င်းတို့အနေဖြင့် ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အရေးအခင်းကြောင့် ပြိုကွဲပျက်စီးလုနီးပါးဖြစ်ခဲ့ရသော နိုင်ငံတော်ကြီးကို နိုင်ငံ့ခေါင်းဆောင်ကြီးတစ်ဦး၏ သမီးဖြစ်သူက ကယ်တင်နိုင်လိမ့်မည်ဟု တစ်လွဲဆံပင်ကောင်းပြီး NLD ပါတီသို့ ဝင်ရောက်မိခဲ့ကြောင်း၊ NLD ပါတီသည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ထင်ခဲ့မိသော်လည်း ဖွတ်ထွက်မှ တောင်ပို့မှန်းသိ၊ ကျောချမှ ဓားပြမှန်းသိဆိုသည့် စကားအတိုင်း ပါတီ၏ ခေါင်းဆောင်ပိုင်းအနေဖြင့် လူ့အခွင့်အရေး၊ဒီမိုကရေစီအရေးဆိုပြီး အော်ဟစ်ကြွေးကြော်နေသော်လည်း လက်တွေ့တွင် ပါတီမှာနိုင်ငံရေး အခြေခံလမ်းစဉ်ကို တိတိကျကျပြဋ္ဌာန်းထားခြင်း မရှိကြောင်း၊ ဒီမိုကရေစီကို မည်ကဲ့သို့ ကျင့်သုံးမည်၊ လူ့အခွင့်အရေးဆိုသည်မှာ မည်သို့ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး ပါတီဝင်များသို့ ရှင်းပြခြင်းမရှိဘဲ တပ်မတော်ကို ဆန့်ကျင်ရေး၊ နိုင်ငံနှင့် ပြည်သူလူထု အကျိုးစီးပွားပျက်စီးရေးတို့ကိုသာ လုပ်ဆောင်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးသို့ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမပြုလုပ်ရန်၊ ထောက်ပံ့မှုများ မပြုလုပ်ကြရန် စသည့် တားဆီးပိတ်ပင်မှုများဖြင့် ပြည်သူလူထုဒုက္ခရောက်အောင် လုပ်ဆောင်ခဲ့ကြောင်း၊ NLD ခေါင်းဆောင်များသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကိုဖန်းပြပြီး ပါတီဝင်များကို ခုတုံးလုပ်ကာ အာဏာရရှိရေးအတွက်ကိုသာ လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့၏ မှုမမှန်သည့် လုပ်ရပ်များကို သိမြင်လာခဲ့သည့်အတွက် မိမိတို့သည် ၁၉၉၉ ခုနှစ်တွင် ပါတီမှ စုပေါင်းနုတ်ထွက်ခဲ့ပြီး ရပ်ရွာအကျိုးသယ်ပိုးကာ အေးချမ်းစွာဖြင့် နေထိုင်ခဲ့ကြောင်း၊သို့ရာတွင် ၁၁-၃-၂၀၀၃ရက်တွင် ရွှေကူမြို့နယ် NLD ပါတီမှ ပုဂ္ဂိုလ်အချို့ရောက်ရှိလာပြီး မိမိတို့မသိရှိဘဲ မိုးမောက်မြို့နယ် NLD အလုပ်အမှုဆောင်အဖွဲ့ကို ၁၃ ဦးဖြင့် ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခုကဲ့သို့ မိမိတို့မသိရှိ ဆန္ဒလည်းမပါရှိဘဲ အာဏာရူးပုဂ္ဂိုလ်အချို့က ၎င်းတို့နေရာရရှိရေးအတွက် မြို့နယ် အလုပ်အမှုဆောင် အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခြင်း၊ ပြန်လည်တာဝန်ပေးအပ်ခြင်းမျိုး ပြုလုပ်လာပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူပေးပါရန် တင်ပြလိုကြောင်း၊ တစ်ချိန်က လက်နက်ကိုင်ပြီး တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည်ပင် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာကို နားလည်သိမြင်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ကျင်းပနေသည့် အမျိုးသားညီလာခံသို့ တက်ရောက်၍ ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးနေချိန်တွင် NLD ပါတီအနေဖြင့် ပါဝင်ဆွေးနွေးရန် ဖိတ်ကြားခဲ့သော်လည်း တက်ရောက်ခြင်းမရှိဘဲ ညီလာခံကိုကျောခိုင်း ထွက်ခွာခဲ့ကြောင်း၊ ပြည်သူ့အင်အားကို အလေးမထားဘဲ နိုင်ငံခြားသံရုံးများနှင့် ဆက်သွယ်ပြီး ပြည်ပမှစေခိုင်းသမျှလုပ်ကိုင်ကာ ပြည်ပမှ ကြိုးဆွဲရာကနေသည့် ရုပ်သေးရုပ်သဖွယ်ဖြစ်သော NLD ပါတီအာဏာရူးများသာ အာဏာရရှိသွားပါက မိမိတို့နိုင်ငံသည် နယ်ချဲ့သြဇာခံအခြွေအရံနိုင်ငံဘဝသို့ အလိုလိုကျရောက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့သည် စပ်ကူးမတ်ကူးကာလတွင် NLD ပါတီအနေဖြင့် နိုင်ငံ့ကောင်းကျိုး၊ ပြည်သူလူထု အကျိုးကို အမှန်တကယ် လုပ်ဆောင်နိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိသောကြောင့် ပါတီဝင်အဖြစ် ခံယူခဲ့ကြသော်လည်း လက်တွေ့နယ်ပယ်တွင် နိုင်ငံပျက်စီးရာ ပျက်စီးကြောင်းကိုသာ တွေးခေါ်ပြီး ဖျက်လိုဖျက်ဆီးလုပ်နေသည့် NLD ပါတီကို လုံးဝထောက်ခံခြင်း မရှိတော့ကြောင်း၊ ပါတီဝင်အဖြစ်က ထာဝရနုတ်ထွက်ပါကြောင်း၊ ယခုကဲ့သို့ နုတ်ထွက်ခြင်းမှာ မိမိတို့ဆန္ဒအရ နုတ်ထွက်ခြင်းသာဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် NLD ပါတီမှ နုတ်ထွက်လွှာပေးအပ်သူ ကိုးဦးတို့ကိုယ်စား မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်ဆန်းက နုတ်ထွက်လွှာများကို မိုးမောက်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌထံ ပေးအပ်သည်။

မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ၁၃ ဦးဖြင့် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ရာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအပါအဝင် ကိုးဦးသည် ယနေ့ နုတ်ထွက်ခဲ့ကြသဖြင့် မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် အဖွဲ့တွင်လေးဦးသာ ကျန်ရှိကြောင်း၊ကျန်ရှိသူများမှာ အခြားဒေသသို့ ရောက်ရှိနေသဖြင့် မိုးမောက်မြို့နယ် NLD ပါတီအနေဖြင့် လှုပ်ရှားဆောင်ရွက်မှု မရှိတော့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၆ (သောကြာနေ့)
၁၃၆၈ခုနှစ်၊ နယုန်လဆန်း(၁၄ရက်)
(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု၊ အဘိဓဇ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၂၀ ၈။ မအီချောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ မြန်မာစာ၊မြန်မာစကား
- ၅:၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅:၂၀ ၇။ **“သတိနဲ့ယှဉ်အသိနဲ့ပြင်” (အပိုင်း-၂) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဆောင်းနှင်းဝေ၊ ပြည့်ဖူးခိုင်၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး၊ နီနီရွှေရည်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၅:၄၀ ၈။ အမြင်သစ် အသွင်သစ် တို့ကျေးရွာ (ရှမ်းပြည်နယ် တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ပင်ဖြစ် စံပြကျေးရွာ)
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဖန်ပန်းလှလှ” (အပိုင်း-၁၆)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရှေ့နေ” (အပိုင်း-၁၃)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ဖျာပုံတံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ ရက် နံနက်ပိုင်းတွင် လှိုင်သာယာ-ကံဘဲ့-တွံတေး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဖျာပုံတံတား ဒေးဒရဲဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၇) တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက တံတားလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းနှင့် ကတ္တရာတို့ကို ဖြည့်ဆည်းပေးသည်။ ထို့နောက် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

ဖျာပုံတံတားမှာ သံကူကွန်ကရစ်ဘိုးပိုင် အုတ်မြစ် အမျိုးအစားဖြစ်၍ ပင်မတံတားမှာ သံမဏိသံပေါင်ဖြစ်ပြီး တံတားအရှည်မှာ ၁၃၂၇ ပေ ၈ လက်မ ဖျာပုံဘက်ကမ်း ချဉ်းကပ်တံတားမှာ ပေ ၁၃၃၀ ဒေးဒရဲဘက်ကမ်း ချဉ်းကပ်တံတားမှာ ပေ ၁၂၃၀ စုစုပေါင်း တံတားအရှည်မှာ ၃၉၃၂ ပေ ၈ လက်မရှိသည်။ ယာဉ်သွားလမ်း အကျယ် ၂၈ ပေနှင့် လူသွားလမ်း အကျယ် တစ်ဖက်လျှင် ခြောက်ပေစီပါရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

(သတင်းစဉ်)

ခရီးသွားမဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

ရန်ကုန် ဇွန် ၈

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အထောက်အကူပြု မဂ္ဂဇင်းတစ်ခုကို ထုတ်ဝေသွားရန်ရှိရာ ခရီးသွားဆိုင်ရာ အသိပညာပေးရန်နှင့် ခရီးသွားဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါမဂ္ဂဇင်း၌ သုတ၊ ရသ၊ ကဏ္ဍစုံပါဝင်စေရန် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ သုတေသန စာတမ်း၊ ခရီးသွားမှတ်တမ်းတို့ဖြင့် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြမည်ဖြစ်ရာ မဂ္ဂဇင်းတွင် ပါဝင် ရေးသားလိုသော စာမူရှင်များအနေဖြင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သတင်းနှင့် ပြန်ကြားရေးဌာန (Information Counter) အမှတ် ၇၇/၉၁ ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း ၂၅၂၈၅၉၊ ၃၇၁၉၁၀ သို့ ဇူလိုင် ၂၅ ရက် နောက်ဆုံးထား ပေးပို့ရန်ဖြစ်သည်။ (သတင်းစဉ်)

ဖရန့်စ်လမ်းပတ်အား ခေါ်ယူရေး ဘာစီလိုနာအသင်း ကြိုးပမ်းနေ

လန်ဒန် ဇွန် ၈

ဖရန့်စ်လမ်းပတ်အား ခေါ်ယူရေးနှင့်ပတ်သက်၍ စပိန် ဘာစီလိုနာကလပ်အသင်းသည် အင်္ဂလန်ချယ်လ်ဆီအသင်းနှင့်ညှိနှိုင်းလျက်ရှိကြောင်း ဗြိတိသျှမီဒီယာများက ဇွန် ၈ ရက်တွင် ရေးသားဖော်ပြသည်။

ဘောလုံးကစားရာတွင် ထူးချွန်ထက်မြက်သော အသက် (၂၇)နှစ်အရွယ်ရှိ ဖရန့်စ်လမ်းပတ်အား ကန်ထရိုက်စာချုပ်ဖြင့် ခေါ်ယူနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများရှိနေသည်ဟု သတင်းများတွင် ဖော်ပြသည်။

ဥရောပချန်ပီယံ ဘာစီလိုနာအသင်းသည် လမ်းပတ်အား ခေါ်ယူနိုင်မည်ဟု မျှော်လင့်ထားသည်။ အကြောင်းမှာ မိုက်ကယ်ဘောလက်သည် ချယ်လ်ဆီးအသင်းသို့ မကြာသေးမီက ရောက်ရှိသွားခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်း မန်နေဂျာ မော်ရင်ညိုကမူ လာမည့် ဘောလုံးရာသီတွင် လမ်းပတ်နှင့် ဘောလက်တို့ အတူယှဉ်တွဲကစားကြမည်ဟု အခိုင်အမာပြောကြားနေဆဲဖြစ်သည်။

ဘာစီလိုနာအသင်းကမူ လာမည့်ဘောလုံးရာသီတွင် စပိန်ဘောလုံးပြိုင်ပွဲ၌ လမ်းပတ်ပါဝင်လာစေရန် ဆွဲဆောင်မှုများနှင့်အတူ ကမ်းလှမ်းလျက်ရှိသည်ဆို၏။

အင်တာနက်

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မေ ၃၀ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ် (၈) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ ကျင်းပရာ ခရိုင်ပြန်/ဆက်ဦးစီး အရာရှိဦးတင်ကိုက စာဖတ်ပါခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(ခရိုင်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၅:၁၀	၆။ မျိုးချစ်တပ်မတော်
၅:၂၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၅၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၂၃)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။ **FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ **-Germany Vs Costa Rica(Live)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။
၀၁:၃၀	၂၃။ ၁၀-၆-၂၀၀၆(နံနက်ပိုင်း) **FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ **-Poland Vs Ecuador(Live)**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (၂၀၀၆) အုပ်စုပတ်လည်ပွဲစဉ်များ

စဉ်	ရက်စွဲ	အချိန်	အုပ်စု	အသင်း
၁	၉-၆-၂၀၀၆	၂၂:၃၀	A	ဂျာမနီ-ကော်စတာရီကာ
၂	၁၀-၆-၂၀၀၆	၀၁:၃၀	A	ပိုလန်-အီကွေဒေါ
၃	၁၀-၆-၂၀၀၆	၂၂:၃၀	B	ထရီနီဒက်-ဆွီဒင်
၄	၁၀-၆-၂၀၀၆	၁၉:၃၀	B	အင်္ဂလန်-ပါရာဂွေး
၅	၁၁-၆-၂၀၀၆	၀၁:၃၀	C	အာဂျင်တီးနား-အိုင်ဗရီကို့စ်
၆	၁၁-၆-၂၀၀၆	၂၂:၃၀	D	မက္ကဆီကို-အီရန်
၇	၁၁-၆-၂၀၀၆	၁၉:၃၀	C	ဆာဘီးယား-နယ်သာလန်
၈	၁၂-၆-၂၀၀၆	၀၁:၃၀	D	အင်ဂိုလာ-ပေါ်တူဂီ
၉	၁၂-၆-၂၀၀၆	၂၂:၃၀	E	အမေရိကန်-ချက်
၁၀	၁၂-၆-၂၀၀၆	၁၉:၃၀	F	ဩစတြေးလျ-ဂျပန်
၁၁	၁၃-၆-၂၀၀၆	၀၁:၃၀	E	အီတလီ-ဂါနာ
၁၂	၁၃-၆-၂၀၀၆	၂၂:၃၀	G	တောင်ကိုရီးယား-တိုဂို
၁၃	၁၃-၆-၂၀၀၆	၁၉:၃၀	G	ပြင်သစ်-ဆွစ်ဇာလန်
၁၄	၁၄-၆-၂၀၀၆	၀၁:၃၀	F	ဘရာဇီး-ခရိုအေးရှား
၁၅	၁၄-၆-၂၀၀၆	၂၂:၃၀	H	တူနီးရှား-ဆော်ဒီ
၁၆	၁၄-၆-၂၀၀၆	၁၉:၃၀	H	စပိန်-ယူကရိန်း
၁၇	၁၅-၆-၂၀၀၆	၀၁:၃၀	A	ဂျာမနီ-ပိုလန်
၁၈	၁၅-၆-၂၀၀၆	၂၂:၃၀	B	အင်္ဂလန်-ထရီနီဒက်
၁၉	၁၅-၆-၂၀၀၆	၁၉:၃၀	A	အီကွေဒေါ-ကော်စတာရီကာ
၂၀	၁၆-၆-၂၀၀၆	၀၁:၃၀	B	ဆွီဒင်-ပါရာဂွေး
၂၁	၁၆-၆-၂၀၀၆	၂၂:၃၀	C	နယ်သာလန်-အိုင်ဗရီကို့စ်
၂၂	၁၆-၆-၂၀၀၆	၁၉:၃၀	C	အာဂျင်တီးနား-ဆာဘီးယား
၂၃	၁၇-၆-၂၀၀၆	၀၁:၃၀	D	မက္ကဆီကို-အင်ဂိုလာ
၂၄	၁၇-၆-၂၀၀၆	၂၂:၃၀	E	ချက်-ဂါနာ
၂၅	၁၇-၆-၂၀၀၆	၁၉:၃၀	D	ပေါ်တူဂီ-အီရန်
၂၆	၁၈-၆-၂၀၀၆	၀၁:၃၀	E	အီတလီ-အမေရိကန်
၂၇	၁၈-၆-၂၀၀၆	၂၂:၃၀	F	ဘရာဇီး-ဩစတြေးလျ
၂၈	၁၈-၆-၂၀၀၆	၂၂:၃၀	G	တိုဂို-ဆွစ်ဇာလန်
၂၉	၁၈-၆-၂၀၀၆	၁၉:၃၀	F	ဂျပန်-ခရိုအေးရှား
၃၀	၁၉-၆-၂၀၀၆	၀၁:၃၀	G	ပြင်သစ်-တောင်ကိုရီးယား
၃၁	၁၉-၆-၂၀၀၆	၂၂:၃၀	H	ယူကရိန်း-ဆော်ဒီ
၃၂	၂၀-၆-၂၀၀၆	၀၁:၃၀	H	စပိန်-တူနီးရှား
၃၃	၂၀-၆-၂၀၀၆	၂၀:၃၀	A	ပိုလန်-ကော်စတာရီကာ
၃၄	၂၀-၆-၂၀၀၆	၂၀:၃၀	A	အီကွေဒေါ-ဂျာမနီ
၃၅	၂၁-၆-၂၀၀၆	၀၁:၃၀	B	ဆွီဒင်-အင်္ဂလန်
၃၆	၂၁-၆-၂၀၀၆	၀၁:၃၀	B	ပါရာဂွေး-ထရီနီဒက်
၃၇	၂၁-၆-၂၀၀၆	၂၀:၃၀	D	ပေါ်တူဂီ-မက္ကဆီကို
၃၈	၂၁-၆-၂၀၀၆	၂၀:၃၀	D	အီရန်-အင်ဂိုလာ
၃၉	၂၂-၆-၂၀၀၆	၀၁:၃၀	C	နယ်သာလန်-အာဂျင်တီးနား
၄၀	၂၂-၆-၂၀၀၆	၀၁:၃၀	C	အိုင်ဗရီကို့စ်-ဆာဘီးယား
၄၁	၂၂-၆-၂၀၀၆	၂၀:၃၀	E	ချက်-အီတလီ
၄၂	၂၂-၆-၂၀၀၆	၂၀:၃၀	E	ဂါနာ-အမေရိကန်
၄၃	၂၃-၆-၂၀၀၆	၀၁:၃၀	F	ဂျပန်-ဘရာဇီး
၄၄	၂၃-၆-၂၀၀၆	၀၁:၃၀	F	ခရိုအေးရှား-ဩစတြေးလျ
၄၅	၂၃-၆-၂၀၀၆	၂၀:၃၀	H	စပိန်-ဆော်ဒီ
၄၆	၂၃-၆-၂၀၀၆	၂၀:၃၀	H	ယူကရိန်း-တူနီးရှား
၄၇	၂၄-၆-၂၀၀၆	၀၁:၃၀	G	တိုဂို-ပြင်သစ်
၄၈	၂၄-၆-၂၀၀၆	၀၁:၃၀	G	ဆွစ်ဇာလန်-တောင်ကိုရီးယား

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

၂၀၀၆ ကမ္ဘာ့ဖလားပွဲနှင့် ပတ်သက်၍ မြန်မာ့လက်ရွေးစင်ဟောင်းဘောလုံးသမားတို့ အမြင်

သတင်း-ညီညီစိုးညွန့်
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျာမနီနိုင်ငံတွင် ဇွန် ၉ရက် (ယနေ့)မှ စတင်၍ ဇူလိုင် ၁၀ ရက်အထိ တစ်လကြာ ကျင်းပတော့မည် ဖြစ်သည်။

အဖွင့်ပွဲစဉ်အဖြစ် အုပ်စု(က)မှ အိမ်ရှင် ဂျာမနီ အသင်းနှင့် ကော်စတာရီကာအသင်းတို့ ည ၁၀ နာရီခွဲ၌ စတင် ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။

ပြိုင်ပွဲဝင် ၃၂သင်းတို့ကို အုပ်စု ရှစ်ခုခွဲ၍ ပထမအဆင့် အုပ်စု ပတ်လည်စနစ်ဖြင့် ကစားသွားကြမည်ဖြစ်ရာ အုပ်စုမှ တက်နိုင်သော အသင်းများ၊ အုပ်စုမှ ပြုတ်နိုင်သော အသင်းများ စသည်တို့ကို ဝေဖန်သုံးသပ်သူ ပညာရှင်အသီးသီးက ရှုထောင့်အမျိုးမျိုးမှ တင်ပြခဲ့ကြသည်။ ထို့အတူ အုပ်စုမှ တက်လာမည့် အသင်းများ၏ ရှေ့ခရီးဖြောင့်ဖြူးမှု၊ ကြမ်းတမ်းမှုစသည်တို့ကို အခြေခံလျက်ဗိုလ်လုပွဲဆီသို့ သွားရာ လမ်းကြောင်းကို မှန်းဆဖော်ထုတ်ခဲ့ကြသည်။ အဆိုပါ မှန်းဆဖော်ထုတ် တွေ့ရှိချက်များကို သုံးသပ်လျက် ၂၀၀၆ ကမ္ဘာ့ဖလားကြီးကို မည်သည့် အသင်းဆွတ်ခူးရရှိမည်ကို ကောက်ချက်ဆွဲ တင်ပြခဲ့ကြသည်။

ကမ္ဘာ့ဖလား ငါးကြိမ်ဆွတ်ခူးရရှိထားပြီး ခြောက်ကြိမ်မြောက်ဆွတ်ခူးနိုင်ဖွယ်ရှိသည် ဆိုသော ဘောလုံးစူပါစတား ဘရာဇီး၊ ကမ္ဘာ့ဖလား သုံးကြိမ်ရဖူးသည့် အိမ်ရှင်ဂျာမနီအသင်း၊ တောင်အမေရိကမှ အာဂျင်တီးနား၊ ဥရောပမှ အင်္ဂလန်၊ ဟော်လန်၊ အီတလီနှင့် ပြင်သစ်အသင်းတို့လည်း ဗိုလ်စွဲရန် အလားအလာရှိသော အသင်းများအဖြစ် ရေပန်းစားနေသည်။ ဤသို့သော အခြေအနေများအနက်မှ မထင်မှတ်ဘဲ ထူးထူးခြားခြား ခြေစွမ်းပြကာ အသင်းကြီးများကို ကျော်ဖြတ်တက်လာမည့် အသင်းအချို့လည်း ပေါ်ထွက်လာနိုင်ဖွယ်ရာ ရှိနေသည်။

ဂျာမနီကမ္ဘာ့ဖလားပွဲဟာပြီးခဲ့တဲ့ ကိုရီးယား-ဂျပန် ကမ္ဘာ့ဖလားပွဲထက် စိတ်ဝင်စားစရာ ကောင်းမှာပါဟု ပြောကြားသွားသူ မြန်မာ့လက်ရွေးစင်နည်းပြ ဦးဆန်းဝင်း။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ထို့ကြောင့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲတွင် အလားအလာရှိသော အသင်းများနှင့် ပတ်သက်၍ မြန်မာ့ဘောလုံးလောကတွင် တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့သော၊ လက်ရှိတွင်လည်း မြန်မာ့ဘောလုံးလောကတွင် ပါဝင်စွမ်းဆောင်နေဆဲ ဖြစ်သော အာရှလက်ရွေးစင်ဟောင်း ဦးတင်အောင် (ဂိုး တင်အောင်)၊ အာရှတွင် ရွှေရောင်လွှမ်းခဲ့စဉ်က ခြေစွမ်းပြခဲ့သူ ဦးအေးမောင်ကြီးနှင့် မြန်မာ့လက်ရွေးစင်ဟောင်း၊ ဆောက်လုပ်ရေးဘောလုံးသမားဟောင်းနှင့် လက်ရှိလက်ရွေးစင်အသင်းနည်းပြ ဦးဆန်းဝင်းတို့၏ ထင်မြင်ချက်များကို တွေ့ဆုံမေးမြန်းကာ ကမ္ဘာ့ဖလားပွဲအဖွင့်တွင် တင်ပြလိုက်ပါသည်။

ပြည့်စုံသောအသင်း

ဘရာဇီးက အဘက်ဘက်က ပြည့်စုံသောအသင်း ဖြစ်ကြောင်း ပြောကြားသွားသည့် ဦးတင်အောင် (ဂိုး)။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဦးတင်အောင်(ဂိုး)

အာရှလက်ရွေးစင်ဟောင်း ဂိုးတင်အောင်က “ကိုယ့်အကြိုက်ဆုံးအသင်း ပြောရရင် ဘရာဇီးပဲ။ ဘရာဇီးက အဘက်ဘက်က ပြည့်စုံတဲ့ အသင်းဖြစ်ပြီး အားနဲ့ခွန်နဲ့ ကစားတာရော၊ ဘောလုံးကျွမ်းကျင်မှုနဲ့ ကစားတာရော နှစ်ခုစလုံးကို ကစားနိုင်တယ်၊ ဘရာဇီးမှာ ဂိုးသွင်းသေချာတဲ့သူရှိသလို ဖန်တီးပေးတဲ့သူလည်းရှိတယ်၊ ဒါကြောင့် အလယ်တန်းနဲ့ ရှေ့တန်းကတော့ ပြောစရာသိပ်မရှိဘူး၊ နောက်တန်းကတော့ ကာဖူးနဲ့ ကားလို့စ်တို့က သမ္မာနဲ့ ပဲထိန်းကစားရမယ်၊ တယ်ရီတို့လို ထူးထူးချွန်ချွန် နောက်ခံလူမျိုး မရှိဘူး၊ ဘရာဇီးကိုနိုင်ဖို့ဆိုရင် ပုံမှန်ကစားပုံမျိုးနဲ့မရဘူး၊ ၉၈ကမ္ဘာ့ဖလားဖိုင်နယ်မှာ ပြင်သစ်အနိုင်ရခဲ့သလိုမျိုး မထင်မှတ်တဲ့ အကွက်နဲ့ပဲရမယ်၊ နောက်တန်းတောင့်တောင့်တင်းတင်းနဲ့ အငိုက်ဖမ်းပြီး Counter နဲ့ ပြန်တိုက်တဲ့အသင်းမျိုးလည်း ဖြစ်နိုင်တယ်၊ ဥပမာ-အင်္ဂလန်မှာ ရူနီပါရင် ဒါမျိုးရနိုင်တယ်။ မခံချင်စိတ်နဲ့ ကစားမယ့် ဟော်လန်အသင်းကိုလည်း သတိထားရမယ်၊ Total Football ကို စတင်ကစားခဲ့ဖူးတဲ့ နည်းပြ ဗင်ဘာစတန်က ဒီကစားနည်းကို ပြန်အသက်သွင်းနိုင်သလို နစ္စတယ်ရွိုင်းကလည်း သူ့ခြေစွမ်းကို ဒီကမ္ဘာ့ဖလားမှာ ပြမယ်လို့ထင်တယ်။ ဂျာမနီက အိမ်ရှင်ဆိုတာပဲ ရှိသလို အီတလီကလည်း ပြည်တွင်းဘောလုံး အရှုပ်တော်ပုံကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားနည်းနေနိုင်တယ်။ ဒုတိယအဆင့် ရှုံးထွက်ပွဲတွေကစပြီး ခြေချော်လက်ချော်ဖြစ်နိုင်တယ်။ ခြေမှန်တဲ့ အသင်း အခြေအနေကောင်းသွားမှာပဲ”။

ဦးအေးမောင်ကြီး

မြန်မာဘောလုံးအသင်း အာရှတွင် ရွှေရောင်လွှမ်းအောင်မြင်ကျော်ကြားခဲ့စဉ်က ကွင်းလယ်မှ ခြေစွမ်းပြကစားခဲ့သူ မြန်မာ့လက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီးကလည်း “ပြိုင်ပွဲဝင်ခွင့်ရတဲ့ အသင်းတွေရဲ့ ပွဲတွေကိုသေချာမကြည့်ဖူးသေးဘူး။ ဒါပေမယ့် ကိုယ့်အကြိုက်အသင်းကို ပြောရရင် ဘရာဇီးအသင်းပဲ။အသင်းတွေက တစ်သင်းနဲ့တစ်သင်း ကွာခြားမှု သိပ်မရှိဘူး၊ အိမ်ရှင်ဂျာမနီနဲ့ အီတလီတို့လည်း မျှော်မှန်းနိုင်တယ်၊ အင်္ဂလန်က လူမစုံရင် အခြေအနေ သိပ်မကောင်းနိုင်ဘူး၊ ဘရာဇီးက အရန်အင်အားလည်း တောင့်တင်းတယ်၊ ကြွံခိုင်မှုနဲ့ဘောလုံးပညာလည်းကောင်းတယ်၊ ဒီကမ္ဘာ့ဖလားပွဲရဲ့ အကောင်းဆုံးဆုကို ကစားသမားအားလုံး မျှော်လင့်နိုင်တယ်လို့ထင်တယ်၊ အကောင်းဆုံးဆုကို ပြိုင်ပွဲမှာ ခြေစွမ်းပြနိုင်တဲ့သူကိုသာ ပေးလေ့ရှိတာကြောင့် လက်ရှိ ရော်နယ်ဒင်ဟိုဟာ ကမ္ဘာ့အကောင်းဆုံးဖြစ်နေပေမယ့် ပြိုင်ပွဲမှာ ခြေမပေါ်ရင် ဆုမရနိုင်ဘူး၊ ဒါကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ချန်ပီယံဆု အတွက် သာမက အကောင်းဆုံး ဘောလုံးသမားဆု၊ ဂိုးသွင်းအများဆုံး ဆုတွေကြောင့် အသင်းတိုင်းသာမက ကစားသမားအချင်းချင်းရဲ့ ပြိုင်ဆိုင်မှုတွေပါရှိလာနိုင်တယ်၊ စိတ်ဝင်စားစရာ ပြိုင်ပွဲကြီးပါ”။

ဘောလုံးပညာကောင်းတယ်

ဘရာဇီးက အရန်အင်အား၊ ကြွံခိုင်မှုနဲ့ ဘောလုံးပညာတို့ ကောင်းတယ်ဟု ပြောကြားသွားသည့် ဦးအေးမောင်ကြီး။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဦးဆန်းဝင်း

မြန်မာ့လက်ရွေးစင်ဟောင်းနှင့် လက်ရှိလက်ရွေးစင်အသင်းနည်းပြဖြစ်သူ ဦးဆန်းဝင်းက “ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ဆန်းကြယ်တဲ့ ပြိုင်ပွဲကြီးတစ်ခုပါ၊ မမျှော်လင့်တဲ့ ရလဒ်တွေဖြစ်ပေါ်လေ့ရှိတဲ့ ပြိုင်ပွဲတစ်ခုပါ၊ ဒီနှစ် ကမ္ဘာ့ဖလားရဖို့ ဘရာဇီး၊ အိမ်ရှင် ဂျာမနီနဲ့ ဟော်လန်တို့ ဖြစ်နိုင်ခြေ ရှိပါတယ်၊ ဥရောပမှာ လုပ်တဲ့ပွဲ ဖြစ်လို့ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပွဲလို ကိုရီးယားအသင်း ဆီမီးဖိုင်နယ် ရောက်တာမျိုးတော့ မဖြစ်နိုင်ဘူး၊ အာဖရိကနဲ့ အာရှအသင်းတွေက အမြင့်ဆုံးကွာတားပဲ ရောက်နိုင်မယ်၊ အင်္ဂလန်အသင်းရဲ့ နောက်တန်းနဲ့ အလယ်တန်းက ပြိုင်ပွဲဝင်အသင်းတွေထဲမှာ အကောင်းဆုံးရှိနေပေမယ့် ရှေ့တန်းနဲ့ဂိုးသမား အားနည်းတဲ့အတွက် ကွာတားအဆင့်လောက်ပဲ ရောက်နိုင်တယ်၊ အခုကမ္ဘာ့ဖလားပွဲမှာ ရော်နယ်ဒင်ဟို ခြေစွမ်းပြနိုင်လိမ့်မယ်။ လူငယ်ကစားသမားထဲမှာ မက်စီကို ကိုအကြိုက်ဆုံးပဲ။ ရူနီကစားနိုင်ရင် ခြေစွမ်းပြနိုင်မယ်။ အင်္ဂလန်လည်း အဆင့်တက်လာနိုင်တယ်။ ဂျာမနီကမ္ဘာ့ဖလားပွဲဟာ ပြီးခဲ့တဲ့ ကိုရီးယား၊ ဂျပန်ကမ္ဘာ့ဖလားပွဲထက် စိတ်ဝင်စားစရာ ကောင်းမှာပါ” ဟူ၍ ၎င်းတို့၏ ထင်မြင်ချက်များကို ကြေးမုံသို့ ပြောကြားခဲ့ပါသည်။ ။ (ကြေးမုံ)



မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်

၂၀၀၆ခုနှစ် ဇွန်လ ၈ ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၅၈ လက်မနှင့် ရွှေကျင်မြို့တွင် ၁ ဒသမ ၅၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် ဇွန်လ ၉ရက် ညနေအထိ ခန့်မှန်းချက်

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်)	**၇-၆-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)	**၈-၆-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၇ ရာခိုင်နှုန်း	**၈-၆-၂၀၀၆**
နေပူသည့်နာရီပေါင်း ၅ ဒသမ ၃ နာရီခန့်	**၇-၆-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၈-၆-၂၀၀၆	၀ဒသမ၂၇လက်မ	၀ဒသမ၈၃လက်မ	၁ဒသမ၅၈လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၁၇ဒသမ၉၁ လက်မ	၂၄ဒသမ ၃၃ လက်မ	၂၆ဒသမ၅၀ လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၇-၆-၂၀၀၆ ရက် ၁၄း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်း တိုက်ခတ်သည်။

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အိမ်ရှင်ဂျာမနီနှင့် ပိုလန် ပွဲဦးထွက်မျက်နှာပန်းလှဖွယ်

ကမ္ဘာ့ဖလား
ဘောလုံးပြိုင်ပွဲ
ခန့်မှန်းချက်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံ မြူးနစ်မြို့ မြူးနစ်အားကစားကွင်းတွင် ယနေ့စတင်ကျင်းပတော့မည်။ အဖွင့်ပွဲစဉ်အဖြစ် အုပ်စု (က)မှ အိမ်ရှင် ဂျာမနီနှင့် ကော်စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကြမည်။ ဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ဇွန် ၁၀ ရက် နံနက်လင်းအားကြီးအချိန်၌ ပိုလန်နှင့် အီကွေဒေါတို့ကစားကြမည်ဖြစ်သည်။

ဂျာမနီနှင့်ကော်စတာရီကာ

ကစားကွင်း = မြူးနစ်
အချိန် = သောကြာ ည ၁၀း၃၀ (မြန်မာစံတော်ချိန်)
ကွင်းလယ်ဒိုင်လူကြီး = အီလီဇွန်ဒို (အာဂျင်တီးနား)
လက်ထောက်ဒိုင်(၁) = ဒါရီယိုဂါစီယာ (အာဂျင်တီးနား)
လက်ထောက်ဒိုင်(၂) = ရိုဒေါလ်ဖိုအိုတီရို (အာဂျင်တီးနား)
(မြဝတီမှထုတ်လွှင့်ပြသမည်။)

ဂျာမနီသည် ၂၀၀၂ ခုနှစ် တောင်ကိုရီးယား၊ ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယရရှိထားသော အသင်းဖြစ်သည်။ ကော်စတာရီကာသည် တောင်အမေရိက သမုဒ္ဒရာပိုင်းဇုန်မှ အသင်းတစ်သင်းဖြစ်သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားတွင် အုပ်စုမှ ထွက်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ဖွင့်ပွဲတွင် အိမ်ရှင် ဂျာမနီရော ကော်စတာရီကာပါ အနိုင်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြလိမ့်မည်ဖြစ်သည်။

ဇွန် ၈ ရက်က ဂျာမနီနိုင်ငံ အက်ဆန်မြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပိုလန် နည်းပြချုပ် ပါဝဲလ်ဂျနက်စ်နှင့် ကွင်းလယ်ကစားသမား ဂျာဆက်ကာနိုဝက်တို့က အီကွေဒေါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အခြေအနေကို ရှင်းလင်းပြောကြားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နှိုင်းယှဉ်ရာတွင်

အသင်းနှစ်အသင်းတို့အား နှိုင်းယှဉ်ကြည့်ရာတွင် ဂျာမနီအသင်းသည် အစဉ်အလာအရရော၊ ဘောလုံး နည်းပညာအရပါသာသည်။ ကော်စတာရီကာသည် ကွန်ကာကဒ်ဇုန်မှ အသင်းများအတိုင်း ကြံ့ခိုင်မှုကောင်းသည်။ ဥရောပ အသင်းများကဲ့သို့ ပုံစံတကျ ထိုးဖောက်ကစားခြင်း မဟုတ်ဘဲ၊ အခြေအနေပေါ် မူတည်ပြီး ထိုးဖောက်ကစားသည်။ များသောအားဖြင့် ကော်စတာရီကာအသင်းများသည် ခံစစ်အားတောင့်တင်းလေ့ရှိသည်။ သို့သော် ယခုနှစ် ကော်စတာရီကာအသင်း နောက်တန်း အားနည်းလျက်ရှိသည်။ ယခုတိုင် ယင်းအားနည်းချက်ကို ပြုပြင်နိုင်ခြင်း မရှိသေးဘဲဖြစ်နေသည်။

အဓိကတိုက်စစ်မှူး

ကော်စတာရီကာ၏ အဓိက တိုက်စစ်မှူးဖြစ်သော ဝမ်ချော့ပ်ကို ကွင်းလယ်ကစားသမားများဖြစ်ကြသော ရော်နယ်ဂိုမက်၊ မောရီစီယို၊ ဘိုလစ်၊ ဖွန်ဆီကာတို့က ဂိုးရအောင် ဖန်တီးပေးကြမည်။

သို့သော် ဂျာမနီ၏ ကွင်းလယ်က ကော်စတာရီကာ ကစားသမားများကို ထိန်းချုပ်ပြီး စိုးမိုးထားဖို့များသည်။ ဘောလက် ဒဏ်ရာအနာတရဖြစ်နေ၍ အဖွင့်ပွဲ မပါဝင်ဟုဆို၍ အလယ်တန်း အနည်းငယ် အားနည်းလိမ့်မည်ဖြစ်သည်။ ဂျာမနီအသင်းသည် တိုက်စစ်ကို ဘေးစွယ်မှ ထိုးဖောက်ကစားလေ့ရှိသည်။ ထိုမှတစ်ဆင့် ဂိုးရှေ့သို့ ချပေးတတ်သည်။ ရှေ့တန်းတိုက်စစ်မှူးများက အဆုံးသတ်ဂိုးရအောင် ဖန်တီးယူကြသည်။

ဂျာမနီ၏ ရှေ့တန်းတွင် အလွန်အားထားရသော တိုက်စစ်မှူး နှစ်ယောက်ရှိသည်။ ပိုဒေါစကီးနှင့် ကလိုဆေးတို့ဖြစ်သည်။ ယင်းနှစ်ဦးသည် ကမ္ဘာ့အဆင့်ရှိ တိုက်စစ်မှူးများဖြစ်သည်။ လက်ရှိအနေအထားတွင် ပြိုင်ဘက် နောက်တန်းသမားများ အလစ်မပေးရဲသောသူမှာ ပိုဒေါစကီးဖြစ်သည်။ တိုက်စစ်မှူး နောက်တစ်ဦးဖြစ်သော ကလိုဆေးကိုလည်း လွှတ်ထား၍မရ။ ကလိုဆေးကလည်း တစ်လုံးဆိုတစ်လုံး သေချာသူတစ်ယောက်ဖြစ်သည်။

သို့ဖြစ်၍ ကော်စတာရီကာ နောက်တန်းသည် အိမ်ရှင် ဂျာမနီအသင်း၏ တိုက်စစ်မှူးများဒဏ်ကို အလူးအလဲခံရဖွယ်ရှိသည်။ ဂျာမနီအသင်းသည် စိတ်ဓာတ်အား၊ ကစားအားတို့ အသာစီးရလျက်ရှိသည်။ ကော်စတာရီကာ မည်မျှ တောင့်ခံနိုင်မည်ဆိုသည်ကို ယနေ့ညတွင် စောင့်မျှော်ကြည့်ရမည်ဖြစ်သည်။

ဇွန် ၂ ရက်က ဂျာမနီနိုင်ငံ မိုယန်ချန်ဂလာဘက်ချ်မြို့တွင် ကျင်းပသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် ကိုလံဘီယာအသင်းနှင့် ယှဉ်ပြိုင်ကစားသော ဂျာမနီအသင်းမှ အသင်းသားများ တတိယမြောက် ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂမ်ဆိုင်း

ပိုလန်နှင့်အီကွေဒေါ

ကစားကွင်း-ဂျယ်(လ်)ဆင်ကာချင်
အချိန် = စနေနေ့၊ နံနက် ၁း၃၀ နာရီ
ကွင်းလယ်ဒိုင်လူကြီး တိုရှူကာမီကာဝါ(ဂျပန်)
လက်ထောက်ဒိုင် (၁) ဟီရိုရှီးမား (ဂျပန်)
လက်ထောက်ဒိုင် (၂) ကင်ဒေးယောင် (တောင်ကိုရီးယား)
(မြဝတီမှ ထုတ်လွှင့်ပြသမည်။)

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်သင်းစလုံးသည် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ပိုလန်သည် ဥရောပဇုန်မှ တက်လာသောအသင်းဖြစ်သကဲ့သို့ အီကွေဒေါသည်လည်း တောင်အမေရိကဇုန်မှ တက်လာသော အသင်းဖြစ်သည်။ သို့ဖြစ်၍ ကစားဟန်များ ကွဲပြားခြားနားလိမ့်မည်ဖြစ်သည်။

ပရိသတ်များ သိကြသည့်အတိုင်းပင် ဥရောပသည် အင်အားဖြင့် ကစားပြီး အကွက်ချ တိုက်စစ်ဆင်လေ့ရှိသည်။ တောင်အမေရိက အသင်းများသည် ထူးချွန်ထက်မြက်သော ကစားသမားများပေါ်သည်။ တစ်ဦးချင်း အရည်အသွေးကောင်းပြီး အခြေအနေပေါ်မူတည်ပြီး လှုပ်ရှားကစားတတ်သည်။

အားနည်းချက်

သို့သော် အီကွေဒေါအသင်းမှာ အားနည်းချက် နှစ်ခုရှိသည်။ ပထမအားနည်းချက်မှာ နောက်တန်းဖြစ်သည်။ ဒုတိယအချက်မှာ ဂိုးရှေ့သို့ ရောက်လာသော အမြင့်ဘောများကို မရှင်းထုတ်တတ်ခြင်းဖြစ်သည်။ ဤအချက်နှစ်ချက်ကြောင့် ပိုလန်အသင်းကို ယှဉ်ပြိုင်ရာတွင် အခက်အခဲတွေ့စေနိုင်သည်။

ပိုလန်သည် ခပ်လေးလေး ကစားတတ်သော်လည်း ကျားကုတ်ကျားခဲ ကစားတတ်သည်။ နိုင်ငံချစ်စိတ်ဓာတ်ပြင်းထန်သော အသင်းဖြစ်သည်။ ယင်းအချက်က ပိုလန်အသင်းအတွက် အားသာချက်ဖြစ်သည်။ ပိုလန်သည် ဘေးစွယ်မှ ဂိုးရှေ့သို့ အမြင့်ဘောများဖြင့် ချပေးတတ်သည်။ ထို့အပြင် ကွင်းလယ်မှနေပြီး ပြိုင်ဘက် အီကွေဒေါ၏ နောက်တန်းကိုလည်း မွှေနှောက်လိမ့်မည်။

အင်အားပျော့သည့် အီကွေဒေါ နောက်တန်းကို ပိုလန်မှ ပိုဘောစကီ၊ ကာဇီနိုဝက်၊ ဆာမိုလာရက်၊ ဇူရောစကီးတို့က ကျော်ဖြတ်ပြီး ဂိုးရအောင် ဖန်တီး ကစားကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ပိုလန်အသင်းသည် (၃) မှတ်ရရှိရန် သေချာသလောက်ရှိသည်။ ။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြို သတင်းများ

ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက် ကော်စတာရီကာနှင့်ကစားမည့်ပွဲ၌ ပါဝင်ကစားနိုင်မည်မဟုတ်ဟုဆို

ဘာလင် ဇွန် ၈

ဂျာမနီအသင်း ခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သောကြာနေ့ (ယနေ့) အဖွင့်ပွဲဖြစ်သည့် ကော်စတာရီကာနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း ဂျာမနီလက်ရွေးစင်အသင်း မန်နေဂျာ ဂျာဂျင်ကလင်းစမန်းက ကြာသပတေးနေ့တွင် ပြောကြားသည်။

မိုက်ကယ် ဘောလက်သည် ခြေသလုံးကြွက်သား နာကျင်သည့် ဝေဒနာ ခံစားလာရသဖြင့် ဗုဒ္ဓဟူးနေ့က လေ့ကျင့်ကစားနေမှုကို ရပ်ဆိုင်းလိုက်ရသည်။

ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်သည် မြူးနစ်မြို့၌ ကျင်းပမည့်ပွဲတွင် ပါဝင်နိုင်မည် မဟုတ်ကြောင်း၊ ခြေသလုံးကြွက်သား နာကျင်သည့် ဝေဒနာက ၎င်းကိုရော မိမိကိုပါ ဒုက္ခပေးနေကြောင်း ကလင်းစမန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အင်တာနက်။***

မေ ၃၀ ရက်က လီဗာကူဆန်မြို့တွင် ဂျပန်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားခဲ့စဉ်က ဂျာမနီ အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်အား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ခရိုအေးရှား အသင်းသားများ ထူးထူးဆန်းဆန်း ဗိုင်းရပ်စ်ရောဂါ ခံစားနေကြရ

ဘက်ဘရပ်ကင်နော (ဂျာမနီ) ဇွန် ၈

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ခရိုအေးရှားလက်ရွေးစင်အသင်းမှ ဘောလုံးသမားများသည် ဂျာမနီနိုင်ငံ ဘက်ဘရပ်ကင်နောမြို့ရှိ အခြေစိုက်စခန်းသို့ လွန်ခဲ့သည့် ရက်သတ္တပတ်က ရောက်ရှိခဲ့ချိန်မှစ၍ အမျိုးအမည်မသိ ဗိုင်းရပ်စ်ရောဂါတစ်မျိုးကို ခံစားနေကြရကြောင်း ဇွန် ၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

လျှို့ဝှက်ဆန်းကြယ်သည့် ဗိုင်းရပ်စ်ရောဂါတစ်မျိုးကို ခရိုအေးရှားအသင်းမှ ဘောလုံးသမားအများစု ခံစားကြရကြောင်း၊ ယင်းဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်းကို ဆရာဝန်များ ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်း အသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ထူးထူးဆန်းဆန်း ဗိုင်းရပ်စ်ရောဂါကြောင့် ဘောလုံးသမားများမှာ မူးဝေအော့အန်ခြင်း၊ အပြင်းဖျားခြင်းနှင့် ခေါင်းကိုက်ခြင်းတို့ကို ခံစားကြရသည်ဟု ဆိုသည်။ ***အင်တာနက်***

ခရိုအေးရှားလက်ရွေးစင် ဘောလုံးအသင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗီဇမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော်ကြည့်ရှုရလျှင် ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာစေရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၉၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၃၆

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားနှုန်း ၂၀၀၀ပြည့်နှစ်မှစ၍ ကျဆင်းလာ မိမိတွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချ၍ ရောဂါတိုက်ဖျက်လျက်ရှိ

နေပြည်တော် ဇွန် ၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ခုခံကျ/ကာလသား) ဒေါက်တာမင်းသွယ်တို့သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ မေ ၃၁ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပခဲ့သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ခွဲခေါင်းဆောင်အဖြစ် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေလည်း ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၃၁ရက် နံနက် ၉နာရီခွဲတွင် ကုလသမဂ္ဂဌာနချုပ် အထွေထွေညီလာခံ အစည်းအဝေးခန်းမ၌ ကျင်းပသော ညီလာခံဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် သဘာပတိအဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ မစ္စတာရန်အလီယာဆင်က ဆောင်ရွက်ပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၊ UNAIDS ၏ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပီတာပီးရော့နှင့် ဝေဒနာရှင်တစ်ဦးတို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လူမှုရေးအဖွဲ့အစည်းများ၏ လူငယ်လူရွယ်တိုင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေး နည်းလမ်းများ ရရှိစေရေးနှင့် ရောဂါဝေဒနာရှင်တိုင်း ကာကွယ်ကုသမှု ရရှိစေရေးတို့နှင့် စပ်လျဉ်းသည့် တင်ပြဆွေးနွေးမှုများကို လေ့လာခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အာရှနှင့် ပစိဖိတ်ဒေသအတွက် HIV/ AIDS ဆိုင်ရာ အထူးကိုယ်စားလှယ် ဒေါက်တာနာဖစ်ဆာဒစ်နှင့် အလွတ်သဘောတွေ့ဆုံ၍ လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ်နှင့်ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ သံအမတ်ကြီး မစ္စတာဂျိုးဇက်ဗာနာရိဒ်အား တွေ့ဆုံ၍ လည်းကောင်း မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆွေးနွေးအသိပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသော ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ UNICEF, UNAIDS, UNESCO, UNFPA, WFPတို့မှ အဖွဲ့ခေါင်းဆောင်များအတွက် သီးသန့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၂ရက် နံနက် ၉နာရီတွင် ကုလသမဂ္ဂဌာနချုပ် အထွေထွေညီလာခံ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသော ညီလာခံသို့ တက်ရောက်ခဲ့သည်။

ယင်းညီလာခံတွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဥက္ကဋ္ဌ မစ္စတာရန်အလီယာဆင်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်နှင့် UNAIDS၏ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပီတာပီးရော့တို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။ ထို့နောက် နိုင်ငံတော် အကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများက မိန့်ခွန်းအသီးသီး ပြောကြားခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးများအစည်းအဝေးကို အုပ်စုနှစ်စုခွဲ၍ ကျင်းပခဲ့ရာ ဝန်ကြီးများ အုပ်စု(၁) အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေတို့က အစည်းအဝေး သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် အုပ်စု(၂)အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် အကျိုးရလဒ်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ရောဂါစတင်ဖြစ်ပွားသည့် ၁၉၈၀ပြည့်နှစ်များကတည်းက ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်သူလူထုနှင့် လူငယ်ထုများအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့်ပတ်သက်၍ အသိပညာနှင့် ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ ဗဟုသုတ အသိပညာများ တိုးတက်လာကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းမှာလည်း ၂၀၀၀ပြည့်နှစ်မှစ၍ ကျဆင်းလာကြောင်း၊ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာနှင့် လူမှုရေးအသင်းအဖွဲ့များမှ ထောက်ပံ့မှုများရရှိခဲ့သဖြင့် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ အကျိုးရလဒ်ကောင်းများရရှိနေချိန်တွင် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund) က ၂၀၀၅ခုနှစ်တွင် တစ်ဖက်သတ် ရုတ်တရက် ထောက်ပံ့မှုများ ရပ်ဆိုင်းခဲ့ကြောင်း၊ သို့သော် မြန်မာနိုင်ငံအနေဖြင့် ဤရောဂါဆိုးကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်၍ ဆောင်ရွက် လျက်ရှိကြောင်း၊ ရောဂါတိုက်ဖျက်ရာ၌ ငွေကြေးအကူအညီရရှိရန် ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂ အဖွဲ့အစည်းအများ၊ အလှူရှင်နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချ၍ တိုက်ဖျက်ရေးလုပ်ငန်းများကို သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင်ကျင်းပခဲ့သော ခုခံအား ကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ ညီလာခံသို့ တက်ရောက်စဉ်။
(ကျန်းမာရေး)

ထို့နောက် အထွေထွေညီလာခံအုပ်စုများက မေ ၃၁ရက်၊ ဇွန် ၁ရက်နှင့် ၂ရက်တို့တွင် တင်ပြဆွေးနွေးချက်များကို အခြေခံ၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့်ပတ်သက်သော ကုလသမဂ္ဂကြေညာစာတမ်းကို အတည်ပြု၍ ပြဋ္ဌာန်းခဲ့သည်။ ယင်းနောက် သဘာပတိ ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ မစ္စတာရန်အလီယာဆင်က နိဂုံးချုပ်မိန့်ခွန်းပြောကြားကာ အထွေထွေညီလာခံကို နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ရက်တွင် လေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကလိန်အောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာများက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများ ပူးပေါင်းဆောင်ရွက်ရန် မှာကြား

ရန်ကုန်　　ဇွန်　　၈

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၅ ရက်တွင် ထားဝယ်မြို့မှ နံနက် ၈ နာရီခွဲတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကလိန်အောင်မြို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တဦးစီးဌာနမှူး ဦးစံရင်မော်က ကလိန်အောင်မြို့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးက ထားဝယ်ခရိုင်အတွင်း မိုးစပါး၊ နွေစပါး၊ ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ကလိန်အောင်မြို့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း အစိုးရ နည်းပညာကောလိပ် (ထားဝယ်) တည်ဆောက် နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

NLD ခေါင်းဆောင်များသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို ဗန်းပြပြီး ပါတီဝင်များကို ခုတုံးလုပ်ကာ အာဏာရရှိရေးအတွက်ကိုသာ လုပ်ဆောင်ခဲ့ မိုးမောက်မြို့နယ် NLD ပါတီဝင် ကိုးဦးတို့ စုပေါင်းနုတ်ထွက်

ရန်ကုန်　　ဇွန်　　၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ် အလုပ်အမှုဆောင် ကိုးဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

အဆိုပါ မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်လွှာပေးအပ်သူ မြို့နယ်အလုပ်အမှုဆောင် ကိုးဦးတို့သည် ၎င်းတို့၏ နုတ်ထွက်လွှာများကို မေ ၁၁ ရက် နံနက် ၁၀ နာရီ ၅ မိနစ်တွင် မိုးမောက်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❀

ယနေ့ပွဲတွင် ဘောလက် မပါဝင်

ဂျာမနီ ဘောလုံးအသင်း ခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကော်စတာရီကာ အသင်းနှင့် ယနေ့ ကစားမည့်ပွဲတွင် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း သိရသည်။ (သတင်းအပြည့်အစုံ၊ စာမျက်နှာ-၁၂)

ကြေးမုံ The Mirror　အင်တာနက်သတင်း

အိန္ဒုမြစ်အတွင်း လင်းပိုင်ကောင်ရေ တိုးပွားလာ မျိုးသုဉ်းနိုင်သည့် အန္တရာယ်မှာမူ ဆက်လက်ရှိနေဆဲ

အစ္စလမ္မာဘတ်　　ဇွန်　　၈

ပါကစ္စတန်နိုင်ငံရှိ အိန္ဒုမြစ်အတွင်း ကျက်စားနေထိုင်သော လင်းပိုင်မျိုးစိတ်မှာ မျိုးသုဉ်းမည့် အန္တရာယ်ရှိခဲ့ရာမှ မကြာသေးမီနှစ်များမှစ၍ ယင်းလင်းပိုင်အရေအတွက် သိသိသာသာ တိုးတက်လာကြောင်း၊ သို့ရာတွင် မျိုးသုဉ်းနိုင်သောအခြေအနေမှာမူ ဆက်လက်ရှိနေဆဲဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံကိန်း၏ သိပ္ပံပညာရှင်တစ်ဦးက ပြောကြားကြောင်း ဇွန် ၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အိန္ဒုမြစ်အတွင်း ကျက်စားသော လင်းပိုင် (Indus River Dolphin) ၏ သွင်ပြင်လက္ခဏာများမှာ တစ်မူထူးခြားကြောင်း၊ အိန္ဒုလင်းပိုင်များသည် အမြင်အာရုံ ချွတ်ယွင်းမှုရှိပြီး ကျောရိုးဆူးတောင်လည်း မပါရှိကြောင်း၊ အိန္ဒုမြစ်လင်းပိုင်များသည် ၂၀၀၁ ခုနှစ်တွင် ကောင်ရေ ၁၁၀၀ ရှိခဲ့ရာမှ ယခုအခါ ကောင်ရေ ၁၃၃၀ အထိ တိုးပွားလာကြောင်း မြို့တော်အစ္စလမ္မာဘတ်၌ ဇွန် ၇ ရက်က ထုတ်ပြန်လိုက်သော လေ့လာချက်စစ်တမ်းတွင် ဖော်ပြသည်။ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ●

ပါကစ္စတန်နိုင်ငံရှိ အိန္ဒုမြစ်အတွင်း ကျက်စားသော လင်းပိုင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)